# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ဝီရိယကို မြဲမြံစွာအားထုတ်

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကိုမြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက် ၂၀၂၁ ခုနှစ်၊ မေ ၂၉ ရက်၊ စနေနေ့ အတွဲ (၆၀)၊ အမှတ် (၂၃၈)


# ပြည်ထောင်စုနယ်မြေ နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်ပြီး အစိုးရရုံးစိုက်ရာ မြို့တော်ဖြစ်သည်နှင့်အညီ သန့်ရှင်းသာယာသပ်ရပ်မှုတွင် စံပြဖြစ်နေရမည်ဖြစ်



နေပြည်တော် မေ ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် နေပြည်တော်၊ မင်္ဂလာကန်တော်ပတ်လမ်း တိုးချဲ့တည်ဆောက်မည့် အခြေအနေနှင့် ရာဇဌာနီလမ်း ကုက္ကိုတန်းရှေ့ အလှမြက်ခင်းစိုက်မည့် မြေနေရာပြုပြင်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းအပိုင်းအနီးရှိ မင်္ဂလာကန်တော်ပန်းခြံအတွင်း ကန်ပတ်လမ်း တိုးချဲ့တည်ဆောက်မည့်နေရာသို့ ရောက်ရှိကြရာ


*စာမျက်နှာ ၃ ကော်လံ ၁ ၁*


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော် မင်္ဂလာကန်တော်ပတ်လမ်း တိုးချဲ့တည်ဆောက်မည့် အခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

"အများပြည်သူ အပန်းဖြေသည့် နေရာဖြစ်သည့်အတွက် ပြည်သူများ စိတ်လက် အေးချမ်း သာယာစွာဖြင့် အနားယူ အပန်းဖြေနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်မည်"



## ပြည်သူသို့ မေတ္တာရပ်ခံပန်ကြားချက်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

ပြည်သူသို့ မေတ္တာရပ်ခံပန်ကြားချက်

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၂၈ ရက်)

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်မီးသုံးစွဲသူပြည်သူများသို့ လျှပ်စစ်ဓာတ်အားခများ ပေးဆောင်ရန် နောက်ဆုံးပေးသွင်းရမည့်ရက်များကို သတ်မှတ်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ထိုသို့ သတ်မှတ်ကြေညာခဲ့ရာမှ ၁၂/၂၀၂၀ လနှင့် ၁/၂၀၂၁ လများအတွက် လျှပ်စစ်ဓာတ်အားခ ပေးသွင်းခြင်းမရှိသည့် လျှပ်စစ်မီးသုံးစွဲသူ ပြည်သူများကို လျှပ်စစ်ဥပဒေအရ လျှပ်စစ်ဓာတ်အား ဖြတ်တောက်ခြင်းဖြင့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ လျှပ်စစ်မီးသုံးစွဲသူ ပြည်သူများအနေဖြင့်နောက်ဆုံးပေးသွင်းရမည့် သတ်မှတ်ရက်မတိုင်မီ လျှပ်စစ်ဓာတ်အားခများ ပေးသွင်းနိုင်ပါရန် စေတနာဖြင့် အသိပေးနှိုးဆော်အပ်ပါသည်။

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ထီးချိုင့်မြို့နယ်၊ ဝန်းသိုမြို့နယ်၊ ဗန်းမောက်မြို့နယ်၊ ပင်လည်ဘူးမြို့နယ်၊ ကသာမြို့နယ်နှင့် အင်းတော်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများ နှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေး**


စာ » ၁၅

မြန်မာ့အလင်း

# မီးကြွင်းမီးကျန် မကျန်ရအောင်

မြန်မာနိုင်ငံသည် ကျွန်နိုင်ငံဘဝမှ လွတ်မြောက်ခဲ့ပြီးသည့်နောက် ငြိမ်းချမ်းသည့်နေ့ရက် တစ်ရက်မှ မရှိသေးဟုဆိုလျှင် လွန်အံ့မထင်။ အယူဝါဒမျိုးစုံ စွဲကိုင်ထားကြကာ ဦးတည်ရည်မှန်းချက်အဖုံဖုံ၊ ကိုယ့်ယုံကြည်ချက်နှင့်ကိုယ်၊ ကိုယ့်လမ်းကြောင်းနှင့်ကိုယ်၊ ကိုယ့်အကျိုးစီးပွားနှင့်ကိုယ်၊ လက်နက်ကိုယ်စီဖြင့် နိုင်ငံရေးကို အခြားနည်းဖြင့် အဖြေရှာခဲ့ကြသူများကြောင့် ငြိမ်းချမ်းသည့်နေ့ရက်များ ပျောက်ဆုံးခဲ့ရခြင်းဖြစ်သည်။ လွတ်လပ်ရေးရပြီးစကာလ တစ်နိုင်ငံလုံး အနှံ့တွင် ဖြစ်ပွားခဲ့သည့် ရောင်စုံပုန်ကန်ထကြွမှုများက မြေပြန့်ဒေသများ၌ ချုပ်ငြိမ်းသွားပြီးချိန်တွင် တောင်ပေါ်နယ်စပ်ဒေသများတွင် ဆက်လက်ဖြစ်ပေါ်နေခဲ့သည်။

လက်နက်ကိုင်ပဋိပက္ခ၊ တိုက်ပွဲ၊ စစ်ပွဲဟူ၍ မည်သည့်ဝေါဟာရကို သုံးစွဲသည်ဖြစ်စေ ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားနေသည့်နေရာဒေသသည် မငြိမ်းချမ်းသည့်နေရာဒေသ၊ စစ်ပွဲ၊ တိုက်ပွဲများ ဆင်နွှဲနေသည့် စစ်နယ်မြေသာဖြစ်သည်။ ယင်းနယ်မြေများတွင် လက်နက်များကိုင်စွဲထားသည့် ဘက်နှစ်ဖက်မှတပ်များရှိသလို ဘာလက်နက်မှမရှိသည့် ပြည်သူများလည်းရှိသည်။ တိုက်ခိုက်မှုများဖြစ်ပွားလာသည့်အခါတွင် ဒေသနေပြည်သူများမှာ ဒေသကိုစွန့်ခွာ၍ စစ်ကို ရှောင်တိမ်းကြရသည်။ ဥယျာဉ်ခြံမြေလယ်ယာတို့ကို စွန့်ခွာကြရသည်။ နေအိမ်နှင့်ကျွဲနွားတို့ကို ထားရစ်ခဲ့ရသည်။ တစ်နိုင်စာမျှ အဝတ်အစားအနည်းငယ်နှင့် သားသမီးတို့ကို ချီပိုးလက်ဆွဲကာ ဘေးလွတ်ရာသို့ပြေးကြရသည်။ ကျီးလန့်စာစားနေကြရ၊ အိပ်စက်ကြရသည်။ မိမိတို့သွားလာနေကျ လမ်းများသည်ပင် မြေမြှုပ်မိုင်း၊ တိုက်မိုင်းတို့ကြောင့် ရဲရဲခြေမချဝံ့ကြတော့။ မိသားစုဘဝ၏ အနာဂတ်သည် ဝေလာဝေး၊ တစ်ရက်ပြီးတစ်ရက် အသက်ဆက်နိုင်ရန်ပင် ကံကြမ္မာပေါ်မှာသာ ဝကွက်အပ်ထားကြရသည့် အခြေအနေ။ မွေးကတည်းက ယင်းသို့သော အခြေအနေများထဲမှာပင် ရှင်သန်လာခဲ့ကြရသည့်ဘဝများက ငြိမ်းချမ်းရေးကို လိုချင်ကြသည်။ ငြိမ်းချမ်းရေးဟုဆိုရာတွင် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို လိုလားတောင့်တကြခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁ ရက် တပ်မတော်၏ အာဏာထိန်းမှုအပေါ် မကျေနပ်ရာမှစတင်ခဲ့သည့် ဆန္ဒပြပွဲများမှ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲလာသည့် ဆူပူသောင်းကျန်းမှုများမှာ ယခုအခါ အကြမ်းဖက်မှုအဆင့်သို့ ရောက်ရှိလာသည်။ ဆန္ဒပြမှု၊ ဆူပူမှု၊ လက်နက်ကိုင်သောင်းကျန်းမှု၊ အကြမ်းဖက်မှုတို့ကို နောက်ကွယ်မှ ကြိုးကိုင်နေသူ၊ လိုင်းချပေးနေသူက နိုင်ငံအတွင်း ပြည်တွင်းစစ်ဖြစ်ရန်အထိပင် နှပ်ကြောင်းပေးနေပြီဖြစ်သည်။ ရိက္ခာစုဆောင်းထားရန်၊ စစ်ပြေးပြေးဖို့ အထုပ်ပြင်ထားရန်၊ သတိနှင့် နေရန် ခြိမ်းခြောက်မှုများလည်းပါသည်။ ကုလသမဂ္ဂမှ ပုဂ္ဂိုလ်အချို့၊ နိုင်ငံခြားသတင်းဌာနမှ ပုဂ္ဂိုလ်အချို့ကလည်း မြန်မာနိုင်ငံသည် ပြည်တွင်းစစ်ပွဲဆီသို့ ဦးတည်နေပြီဟူ၍ အမနာပ ဆိုကြသည်။ မြန်မာနိုင်ငံ၏ နယ်မြေဒေသအားလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ကျားကုတ်ကျားခဲ ကြိုးပမ်းနေချိန်တွင် တစ်နိုင်ငံလုံး စစ်မီးတောက်လောင်ရေး ကောက်ကျစ်ညစ်ထေးစွာ လုပ်ဆောင်နေကြသူများ၊ မြန်မာနိုင်ငံမှ စစ်အနိဋ္ဌာရုံကို မြင်လိုကြားလိုသူများ ရှိနေကြသည်။ တပ်မတော်ကို မုန်းတီးစိတ်သက်သက်ဖြင့် အသိဉာဏ်နည်းပါးလွန်းသူ အချို့ကလည်း ပြည်တွင်းစစ်ဖြစ်လာပါစေကြောင်း ဖေ့ဘွတ်ပေါ်မှာ ဆုတောင်းနေကြသည်ကို ယုံကြည်နိုင်ဖွယ်မရှိအောင် တွေ့မြင်နေရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသည် အရေးပေါ်အခြေအနေကာလတစ်ရပ်အတွင်း နိုင်ငံတော်၏ တာဝန်အရပ်ရပ်တို့ကို ဦးတည်ချက်(၉)ရပ်၊ လုပ်ငန်းစဉ်(၅)ရပ် တိတိကျကျချမှတ်၍ အကောင်အထည်ဖော်ဆောင်နေခြင်းဖြစ်သည်။ အချိန်ကာလ တိတိကျကျရှိသလို လုပ်ငန်းတာဝန်လည်း တိတိကျကျရှိသည်။ ဒီမိုကရေစီနိုင်ငံတော်ကို လမ်းမှန် ကမ်းမှန် တည့်မတ်အောင် ဆောင်ရွက်နေရခြင်းမှာ တိမ်းစောင်းမှု၊ မမှန်ကန်မှုများရှိခဲ့ခြင်းကြောင့်သာ ဖြစ်သည်။ နိုင်ငံကို အလုံးစုံပျက်သုဉ်းရေးသို့ ဦးတည်၍ ပြည်တွင်းစစ်လမ်းကြောင်းပေါ် ဆွဲခေါ်နေခြင်းကို ပြည်သူလူထုနှင့် တပ်မတော်က လက်မခံ။ မီးပွားမီးစကို မီးတောက်မီးလျှံ ဖြစ်မလာမီမှာပင် မီးကြွင်းမီးကျန် မကျန်ရအောင် ငြိမ်းသတ်မည် ဇကန်သာဖြစ်ပါကြောင်း။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် မေ ၂၈

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လှိုင်းဘွဲ့မြို့တွင် ၂ ဒသမ ၃၆ လက်မ၊ မိုင်းယန်းမြို့တွင် ၂ ဒသမ ၁၇ လက်မ၊ ကော့သောင်းမြို့တွင် ၁ ဒသမ ၇၀ လက်မ၊ ထားဝယ်မြို့တွင် ၁ ဒသမ ၂၅ လက်မ၊ မိုင်းဆတ်မြို့တွင် ၁ ဒသမ ၁၈ လက်မ၊ မြစ်ကြီးနားမြို့တွင် ၀ ဒသမ ၉၁ လက်မနှင့် ပိုင်ကျုံမြို့တွင် ၀ ဒသမ ၈၃ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

သက်ရှိကမ္ဘာ
ရှင်သန်ဖို့
အိုဇုန်းလွှာကို
ထိန်းသိမ်းစို့

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မန္တလာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ ခင်စန်းစန်းဝင်း ကို ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

၂၀၂၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ပိုစတာ




## ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် လူမွန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနလက်အောက်ရှိဌာနများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၈

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် လူမွန်သည် မေ ၂၆ ရက်တွင် ရန်ကုန်မြို့ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဟံသာဝတီ Data Center၊ အပြည်ပြည်ဆိုင်ရာ အင်တာနက်အိတ်ချိန်း၊ သန်လျင်ဂြိုဟ်တုဆက်သွယ်ရေးမြေပြင်စခန်းနှင့် သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်းဆက်သွယ်ရေးရေဒီယိုစခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဌာနအလိုက် တာဝန်ရှိသူများက ဌာနများ၏ သမိုင်းအကျဉ်း၊ မူဝါဒ၊ မျှော်မှန်းချက်နှင့် ရည်မှန်းချက်၊ လုပ်ငန်းတာဝန်၊ ဝန်ထမ်းခန့်ထားမှုအခြေအနေ၊ ဝင်ငွေနှင့်အသုံးစရိတ်၊ ဆောင်ရွက်ဆဲနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်း အခြေအနေများကို တင်ပြကြပြီး တင်ပြချက်များနှင့် ရှင်းလင်းပြသမှုများအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ဒုတိယဝန်ကြီးသည် မေ ၂၇ ရက်တွင် မြန်မာ့စာတိုက်လုပ်ငန်း၊ ရန်ကုန်စာတိုက်ကြီးသို့ ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် အများပြည်သူသို့ ဝန်ဆောင်မှုပေးနေသည်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုံခြုံရေးဆိုင်ရာနှင့် လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ လိုအပ်သည်များကို မှာကြားခဲ့သည်။

သတင်းစဉ်

○ *ရှေ့ဖုံးမှ*

နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ထို့နောက် မင်္ဂလာကန်တော်ပတ်လမ်းရှိ အများပြည်သူအပန်းဖြေရန်နေရာ၊ အမှတ်တရ သော့ချိတ်ဆွဲရန်နေရာ၊ မင်္ဂလာကန်တော်ရှိ ရေပေါ်ရှုရပ်စင်နှင့် အားကစားလေ့ကျင့်ခန်း လုပ်ဆောင်နိုင်သည့် နေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး **ပြည်ထောင်စုနယ်မြေ နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်ပြီး အစိုးရရုံးစိုက်ရာ မြို့တော်ဖြစ်သည်နှင့်အညီ သန့်ရှင်းသာယာသပ်ရပ်မှုတွင် စံပြဖြစ်နေရမည်ဖြစ်**ကြောင်း၊ အများပြည်သူအပန်းဖြေသည့်နေရာ ဖြစ်သည့်အတွက် ပြည်သူများ စိတ်လက်အေးချမ်းသာယာစွာဖြင့် အနားယူအပန်းဖြေနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် **မကြာမီအချိန်အတွင်း မိုးရာသီကာလသို့ ရောက်ရှိတော့မည်ဖြစ်သဖြင့် မြို့တော်အတွင်း လမ်းများ၊ လူနေရပ်ကွက်များအတွင်း ရေစီးရေလာကောင်းမွန်စေရေးနှင့် အမှိုက်များ ကင်းစင်ကာ သန့်ရှင်းသာယာမှုရှိစေရေး**

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော် မင်္ဂလာကန်တော်ပတ်လမ်း တိုးချဲ့တည်ဆောက်မည့် အခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မင်္ဂလာကန်တော်ပတ်လမ်းရှိ အများပြည်သူအပန်းဖြေရာနေရာအား ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

**မကြာမီအချိန်အတွင်း မိုးရာသီကာလသို့ ရောက်ရှိတော့မည်ဖြစ်သဖြင့် မြို့တော်အတွင်း လမ်းများ၊ လူနေရပ်ကွက်များအတွင်း ရေစီးရေလာကောင်းမွန်စေရေးနှင့် အမှိုက်များ ကင်းစင်ကာ သန့်ရှင်းသာယာမှုရှိစေရေး ယခုကတည်းက ကြိုတင်ပြင်ဆင် ဆောင်ရွက်ကြရန် လိုအပ်မည်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော် မင်္ဂလာကန်တော်အား ကြည့်ရှုစဉ်။ သတင်းစဉ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရာဇဌာနီလမ်း ကုက္ကိုတန်းရှေ့ အလှမြက်ခင်းစိုက်ပျိုးရန် မြေနေရာပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၃ မှ*

**ယခုကတည်းက ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန် လိုအပ်မည်**ဖြစ်ကြောင်း ပြောကြားပြီး အခြားလိုအပ်သည့် အခြေအနေများကို တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရာဇဌာနီလမ်း ကုက္ကိုတန်းရှေ့ အလှမြက်ခင်းစိုက်ပျိုးရန် မြေနေရာပြုပြင်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ နေပြည်တော်မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် ကောင်စီဥက္ကဋ္ဌက မြို့တော်အင်္ဂါရပ်နှင့် ကိုက်ညီမှုရှိရန်၊ အချိန်မီပြီးစီးရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။



နေပြည်တော်ရှိ မင်္ဂလာကန်တော်ပတ်လမ်းကို တွေ့ရစဉ်။

**ဆက်လက်တည်ဆောက်သွားမည်**

ပြည်ထောင်စုနယ်မြေ နေပြည်တော်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အစိုးရရုံးစိုက်ရာ မြို့တော်ဖြစ်ပြီး မြို့နယ်ပေါင်း ၈ မြို့နယ်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားကာ မြို့ပြ၊ ကျေးလက်လူဦးရေစုစုပေါင်း ၁ ဒသမ ၁ သန်း ခန့် နေထိုင်ကြောင်း၊ ယခုတိုးချဲ့တည်ဆောက်မည့် **မင်္ဂလာကန်တော် အမှတ်(၁) ပတ်လမ်းသည် အရှည်ပေ ၄၉၆၀ ရှိပြီး အကျယ် ၈ ပေနှင့် ကန်တော်ပတ်လမ်းအမှတ်(၂)သည် အရှည် ၁၁၆၆၀ ရှိကြောင်း၊ ယခုအခါ အဆိုပါကန်ပတ်လမ်းကို ဝဲ၊ ယာ ၂ ပေစီ ထပ်မံတိုးချဲ့တည်ဆောက်သွားမည်ဖြစ်ပြီး ၁၂ ပေ အကျယ်ကွန်ကရစ်လမ်းသစ်များ ဆက်လက်တည်ဆောက်သွားမည်ဖြစ်**ကြောင်းနှင့် ရာဇဌာနီလမ်း ကုက္ကိုတန်းရှေ့ အလှမြက်ခင်း စိုက်ရန် ပြုပြင်မည့် မြေနေရာသည် အရှည်ပေ ၄၆၀၀ ခန့်ရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံ

**မကွေး မေ ၂၈**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်ဦးသည် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**



**သတ်မှတ်ကာလ ပြီးပြတ်အောင်ဆောင်ရွက်**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးအတွင်းရှိ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်ရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှုကဏ္ဍ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ အချိန်တိုတိုအတွင်း ရလဒ်ကောင်းများရရှိမည့် လုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်ရမည် ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့် တင်ပြလျှောက်ထားမှုများကို ဥပဒေပြဋ္ဌာန်းချက်ပါ သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင် စိစစ်ဆောင်ရွက်ပေးရန် လိုကြောင်း ပြောကြားသည်။

**ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး**

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ/ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌက တိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးရန် ကိစ္စများကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံးတွင် ရုံးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် မင်းလှကျင်းကျေးရွာအုပ်စုရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သော GEP (Myanmar) Co.,Ltd ၏ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းသို့ ရောက်ရှိပြီး စီမံကိန်းဆိုင်ရာ ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းကာ ကုမ္ပဏီက တင်ပြသည့် အခက်အခဲများကို ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကန်ရေကျေးရွာအုပ်စုရှိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သော Kyaw and Than Co.,Ltd ၏ မန်းသီတာ (MTT) ကွန်ကရစ်ကျောက်တိုင်ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်နေမှုလုပ်ငန်းအခြေအနေများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိမိတို့နိုင်ငံတွင် COVID-19 ကာကွယ်ဆေး ထိုးနှံပြီးသူ ၁ သန်း ၉ သိန်းကျော်ရှိ

**COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်ပြီး ကမ္ဘာပေါ်တွင်ကူးစက်မှုနှုန်းများ မြင့်တက်လျက်ရှိသော်လည်း မိမိတို့နိုင်ငံတွင် ကူးစက်မှုနှုန်းအနေဖြင့် ယခုအခါ မေ ၁ ရက်မှစ၍ ဆေးစစ်နိုင်မှုအရေအတွက်၏ ၁ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းခန့်သာရှိကြောင်း၊ သို့သော် အိမ်နီးချင်းနိုင်ငံများတွင် ကူးစက်မှုနှုန်း မြင့်တက်လျက်ရှိသဖြင့် မိမိတို့နိုင်ငံအနေဖြင့်လည်း သတိထားဆောင်ရွက်ရမည်ဖြစ်ပြီး COVID-19 နှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် အချို့စည်းကမ်းချက်များကို လျှော့ပေါ့ပေး၍ မရသေးကြောင်း၊ COVID-19 ကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ၁ သန်း ၉ သိန်းကျော် ထိုးနှံပြီးဖြစ်ကြောင်း၊ ကာကွယ်ဆေးများ ဆက်လက်ဝယ်ယူရရှိနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ တက္ကသိုလ်၊ ကောလိပ်များ ပြန်လည်ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး Social Distancing ကိုလည်း COVID-19 စည်းကမ်းအတိုင်း စံနမူနာပြ ဆောင်ရွက်သွားမည်ဆိုပါက COVID-19 ကာကွယ်ရေးအတွက်လည်း အထောက်အကူပြုမည်ဖြစ်ကြောင်း၊ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမများနှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း COVID-19 ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၀/၂၀၂၁) ၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

● *ကျော်ဖုံးမှ*

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် စာရင်းအင်းပညာဌာနပါမောက္ခ၊ မြန်မာနိုင်ငံစာရင်းအင်းပညာအသင်းဥက္ကဋ္ဌ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များက ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် တက်ရောက်ကြသည်။

**ပထမဦးဆုံးအကြိမ်**

အစည်းအဝေးတွင် စာရင်းအင်း အချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ယခုကျင်းပသည့် စာရင်းအင်း အချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ပြင်ဆင်ဖွဲ့စည်းပြီး ယခုအစည်းအဝေးကို ပထမဦးဆုံးအကြိမ် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ယခုကော်မတီသည် ၂၀၁၃ ခုနှစ်တွင် ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးမှုပူးပေါင်း ဆောင်ရွက်ရေးဖိုရမ်တွင် ပြဋ္ဌာန်းခဲ့သည့် ထိရောက်သည့် ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး နေပြည်တော် သဘောတူညီချက် (Nay Pyi Taw Accord for Effective Development Cooperation) က ဖွံ့ဖြိုးမှု မိတ်ဖက်များနှင့် ပူးပေါင်း ဆောင်ရွက်ရန်ကိစ္စ၊ လက်တွေ့ကို အခြေခံသည့် ဆုံးဖြတ်ချက်နှင့် မူဝါဒချမှတ်ရန် ကိစ္စများအပေါ်တွင် မူတည်၍ ၂၀၁၃ ခုနှစ် ဇူလိုင်လ ၁၂ ရက်တွင် ကော်မတီကို ပြင်ဆင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၈ ခုနှစ်တွင် တစ်ကြိမ် ပြင်ဆင်ဖွဲ့စည်းခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယခု ၂၀၂၁ ခုနှစ် မတ် ၄ ရက်တွင် ဗဟိုကော်မတီအား ဝန်ကြီးဌာန ၁၄ ခု၊ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီမံခန့်ခွဲရေး ကော်မတီများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီးပွားရေးတက္ကသိုလ်မှ စာရင်းအင်းပညာဌာန ပါမောက္ခ၊ မြန်မာ စာရင်းအင်းပညာအသင်း အပါအဝင် တာဝန်ရှိသူများနှင့် ဖွဲ့စည်းခဲ့ကြောင်း၊ အမျိုးသား စာရင်းအင်းဆိုင်ရာ မူဝါဒ ၆ ရပ်ကို မူလကချမှတ်ခဲ့ကြောင်း၊ စာရင်း အချက်အလက် မှန်ကန်ရေး နှင့် အရည်အသွေးပြည့်ဝရေး ကော်မတီသည် ၂၀၁၃ ခုနှစ်ကပင် ဆောင်ရွက်လာခဲ့သည့် ကော်မတီ ဖြစ်သည့်အတွက် ရှိပြီးသား ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ရန် ကျန်ရှိသည့် အချက်အလက်များကို မြန်မြန်ဆန်ဆန် သွက်သွက်လက်လက် ဖြင့် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ဗဟိုကော်မတီ အောက်တွင် လုပ်ငန်းအဖွဲ့ သုံးဖွဲ့ (Cluster 1,2,3) ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် လက်တွေ့၊ စာတွေ့ ညှိနှိုင်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း။

**အလိုအပ်ဆုံးအရာ**

နိုင်ငံ၏ မရှိမဖြစ် အလိုအပ်ဆုံးအရာသည် အဆိုပါနိုင်ငံ၏ ပကတိရှိနေသည့် အခြေအနေများအလိုက် ဖော်ပြရန်လိုကြောင်း၊ ထိုသို့ဖော်ပြရာတွင်လည်း စာရင်းဇယား အချက်အလက်မှန်မှန်ကန်ကန် တိတိကျကျဖြင့် ဆောင်ရွက်နိုင်ရန် လိုအပ်သကဲ့သို့ ဌာနဆိုင်ရာများနှင့် ဝန်ကြီးဌာနများ အချင်းချင်းပူးပေါင်း ဆောင်ရွက်သွားရန် လိုကြောင်း၊ စာရင်းများတိတိကျကျ ကောက်ယူနိုင်ရန် အပြည့်အဝပူးပေါင်း ဆောင်ရွက်မှသာ မိမိတို့ နိုင်ငံ၏ စာရင်းဇယား အချက်အလက်များ မှန်ကန်ပြီး ရရှိသည့် စာရင်းဇယား များ အရည်အသွေး ပြည့်ဝနေမည် ဖြစ်ကြောင်း၊ နိုင်ငံတကာ၏ ယုံကြည်စိတ်ချမှု၊ ပြည်သူများမှ သတင်းအချက်အလက်များ အပေါ်တွင် အားကိုးဆောင်ရွက်မှု၊ ဗဟိုအဆင့် နိုင်ငံတစ်ဝန်းလုံး၏ အချက်အလက်များအား ကြည့်ရှု၍ လမ်းညွှန်မှုများအား မှန်မှန်ကန်ကန်ဖြင့် ဆုံးဖြတ်နိုင်မည် ဖြစ်သကဲ့သို့ နိုင်ငံတော်အကြီးအကဲထံသို့လည်း စာရင်းဇယား များ မှန်ကန်စွာဖြင့် တင်ပြနိုင်မည်ဖြစ်ကြောင်း၊ ယခုကော်မတီ၏ လုပ်ငန်းစဉ်တိုင်း၊ အဆင့်တိုင်းသည် အရေးကြီးသည့် လုပ်ငန်းစဉ်များဖြစ်သဖြင့် ကော်မတီဝင်များ အားလုံးအနေဖြင့် စနစ်တကျ ဆောင်ရွက်သွားကြစေလိုကြောင်း၊ နှစ်စဉ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ဝေသည့် Myanmar Statistical Yearbook သည် စာရင်းအင်း အချက်အလက် ကောက်ယူမှု မှန်ကန်ရေးအတွက် အထောက်အကူပြုနိုင်မည် ဖြစ်သဖြင့် ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က စာရင်းအင်း အချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီအနေဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် စာရင်းအင်းလုပ်ငန်းစဉ်များ ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ ခိုင်မာပြီး အရည်အသွေးပြည့်ဝသည့် စာရင်းအင်းကိန်းဂဏန်းများ ထုတ်ပြန်နိုင်ရေး၊ စာရင်းအင်းဆိုင်ရာ လွှမ်းခြုံမှု အားကောင်းစေရေး၊ ပုဂ္ဂလိကကဏ္ဍ အပါအဝင် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဗဟိုကော်မတီ အတွင်းရေးမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းဇော်က လုပ်ငန်းအဖွဲ့ (Cluster)များ၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ လုပ်ငန်းအဖွဲ့များ ပြန်လည်ဖွဲ့စည်းမှု၊ ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၀) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ စာရင်းအင်းဆိုင်ရာ အသိပညာမြှင့်တင်မှု၊ အစည်းအဝေးနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းများ၊ သန်းခေါင်စာရင်းနှင့် စစ်တမ်းကောက်ယူမှုများ၊ Survey Calendar ၊ စာရင်းအင်းများ ထုတ်ပြန်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များက စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စာရင်းအင်း အချက်အလက် မှန်ကန်စွာရရှိရေး ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေး တင်ပြကြသည်။

ထို့နောက် စာရင်းအင်း အချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီ (၁/၂၀၂၁) အစည်းအဝေးဆုံးဖြတ်ရန် လျာထားချက်များကို ကော်မတီအတွင်းရေးမှူးက ဖတ်ကြား တင်ပြပြီး အတည်ပြုချက်ရယူသည်။

**မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး**

ယင်းနောက် စာရင်းအင်း အချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက မိမိတို့ ဆောင်ရွက်နေသည့် စာရင်းအင်းများသည် နိုင်ငံတကာစာရင်းအင်း စနစ်သို့ ဝင်ရောက် ဆောင်ရွက်ရသည့် အချက်အလက်များဖြစ်သဖြင့် နိုင်ငံတကာ အဆင့်မီသည့် အချက်အလက်များ ဖြစ်အောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စာရင်းများကောက်ယူရာတွင်လည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ စာရင်းကောက်ယူမည့် အဖွဲ့များ အကျေအလည် ဆွေးနွေးမှု ပြုလုပ်၍ လိုအပ်သည့်အချက်နှင့် တောင်းခံသည့် အချက်အလက်များ ပြည့်စုံစွာ ရရှိအောင် ဆောင်ရွက်ကြရန် လိုကြောင်း၊ စာရင်းအချက်အလက်များသည် နိုင်ငံအတွက် အရေးကြီးသဖြင့် စာရင်းများ မှားယွင်းမှုမရှိစေရေး အလေးပေး ဆောင်ရွက်ရန်လိုကြောင်း၊ စာရင်းများကောက်ယူသည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် နည်းပညာလိုအပ်ချက်များကိုသာမက ပြောင်းလဲလာသည့် စာရင်းကောက်ယူမှု နည်းပညာများကို မိမိတို့နိုင်ငံတွင် နားလည်တတ်ကျွမ်းသူများ မွေးထုတ်၍ ပြည်ပမှီခိုမှု အနည်းဆုံးဖြင့် ဆောင်ရွက်နိုင်ရေး စဉ်းစား ဆောင်ရွက်ကြရန် အကြံပြုလိုကြောင်း၊ နိုင်ငံတကာနှင့် အချက်အလက်များဝေမျှရာတွင် စာရင်းအချက်အလက်များ မှန်ကန်ရန်လိုအပ်သကဲ့သို့ အချက်အလက်များအား ကောက်ခံခြင်းနှင့်ပေးပို့ခြင်းများ ဆောင်ရွက်ရာတွင်လည်း ခေတ်မီနည်းပညာများအသုံးပြု၍ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်ရေး စဉ်းစားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဝန်ကြီးဌာနများအလိုက်ပေးပို့သည့် စာရင်းအချက်အလက်များသည် တိကျရန်၊ ခိုင်မာရန်နှင့် မှန်ကန်မှုရှိရန် လိုအပ်ကြောင်း၊ သို့မှသာ မိမိတို့အနေဖြင့် ကမ္ဘာ့စာရင်းအင်းစနစ်သို့ ဝင်ရောက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ယုံကြည်ချက်အတွက် တောခိုရင်း လူမသိသူမသိ အသက်ပေးလိုက်ရသူ လူငယ်များ၏ အတိတ်သမိုင်း သို့မဟုတ် ပါဂျောင်ငရဲခန်း

သော်တာပပလင်း

*(ယမန်နေ့မှ အဆက်)*

မောင်မောင် (ရွှေကရဝိက်) မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရတဲ့ လူသတ်မှုကို စာအုပ်ရဲ့ စာမျက်နှာ ၅၄ မှာ ဖတ်ရှုရမှာဖြစ်ပြီး "...သူတို့လက်ထဲမှာ ဝါယာကြိုးစတွေကိုင်ထားတာ တွေ့ရတယ်။ ဘာလုပ်နေတာလဲ မသိရဘူး။ စန်းမြင့်ကိုကိုရဲ့ အော်သံစူးစူးဝါးဝါး ထွက်လာရင် အခန်းထဲမှာ ထွန်းထားတဲ့ မီးလုံးက အရောင်မှိန်မှိန်သွားတာ တွေ့ရတယ်။ ဘုရားရေ... ဒီကောင်လေးကို ရှော့တိုက်ပြီးစစ်နေ၊ ညှဉ်းပန်းနှိပ်စက်နေကြတာပါလား။ ...တော်တော်ကို လန့်သွားတာပေါ့။ ပါးစပ်က ညည်းသံတောင် ထွက်လာမိတယ်။ မျက်လုံးထဲမှာလည်း မျက်ရည်တွေ စို့ရွဲလာတယ်။ ကျွန်တော့်နားကို ဂွမ်းစောင်နဲ့ဖိပိတ်ပြီး ကျိတ်ငိုရှိုက်မိတယ်။ ... စန်းမြင့်ကိုကို နေရာမှာ ကျွန်တော့်ညီ ညီညီဖြစ်နေလည်း ကျွန်တော်ဘာမှ လုပ်နိုင်လိမ့်မယ်၊ လုပ်ရဲလိမ့်မယ် မထင်ပါ" လို့ ရေးဖွဲ့ထားပါတယ်။ တော်လှန်ရေး ကျောင်းသားလူငယ်တစ်ယောက်ကို ကျောင်းသားတပ်မတော်ကြီးက ဘယ်လိုတွေတောင် တန်ဖိုးထားခဲ့တယ်ဆိုတာကို မိဘတွေများ မြင်တွေ့ခဲ့ရမယ်ဆိုရင် ဘယ်လောက်တောင် ရင်ကျိုးရရှာမလဲ။

## သမိုင်းတစ်ပတ်လည်မှာ စိုးရိမ်

အကျဉ်းခံနေရတဲ့ ကျောင်းသားလေးတွေကို ထွက်ပြေးပြီး အလင်းဝင်တာနဲ့ တပ်မတော်က သတ်ပစ်တယ်ဆိုပြီး ဆိုက်ဝါးတွေကိုလည်း ရိုက်သွင်းထားတာကို ဖတ်ရှုရတဲ့အခါ ယနေ့ခေတ် လူငယ်တွေကို မြှောက်ပေးပြီး တစ်ဖက်လှည့်နဲ့ တပ်မတော်နဲ့ နိုင်ငံတော်ကို မယုံကြည်ရဲအောင် သွေးထိုးထားတဲ့ လူတစ်စုကို မြင်ယောင်မိပါတယ်။ သမိုင်းတစ်ပတ်လည်မှာ စိုးရိမ်လာမိတဲ့ အဲဒီအချိန်တုန်းက "အားလုံးကို ထောက်လှမ်းရေးလို့ ဝန်ခံခိုင်းထားတယ်။ ကိုညီလည်း ဝန်ခံထားရတယ်။ ကျွန်တော်ကတော့ ဝန်မခံသေးဘူး။ ဘာတွေဆက်ဖြစ်မလဲတော့ မသိဘူး။ ထွက်ပြေးပြီးအိမ်ပြန်သွားရင်လည်း စစ်တပ်က ကျောင်းသားဆိုရင် အလင်းဝင်ခွင့်မပေးဘူး။ သတ်ပစ်တာလို့ကြားတယ်။ ဒီမှာ ဖြစ်တဲ့ဘဝနဲ့နေလိုက်ရတော့မှာပဲ။ အစ်ကိုရေ ကျွန်တော်တို့တော့ အကြီးအကျယ် မှားကုန်ကြတာပဲ။ ဘာဖြစ်ဖြစ်ဆိုပြီး မြို့ပေါ်မှာနေလိုက်ကြရင် အကောင်းသား။ ထောက်လှမ်းရေးက လာမေးတယ်ဆိုတာနဲ့ ပြေးလာလိုက်ကြတာ။ မြို့ပေါ်ကတောင် ဒီလောက်ဆိုးမှာမဟုတ်ဘူး" ဆိုပြီး အကျဉ်းကျနေတဲ့ ကျောင်းသားလေးတစ်ယောက်နဲ့ စကားပြောခန်းကို စာမျက်နှာ ၆၂ မှာ ဖတ်ရှုရမှာ ဖြစ်ပါတယ်။







ကိုမောင်မောင်ဟာ စစ်ကြောရေး အတွေ့အကြုံရှိသူတစ်ဦးဖြစ်ပြီး သူကလည်း စာအုပ်တစ်နေရာမှာ စစ်ကြောရေးအတွေ့အကြုံတွေကို ဖော်ပြထားတာ တွေ့ရပါတယ်။ "ကျွန်တော်ကိုယ်တိုင်လည်း အရေးအခင်းပြီးတော့ ဖမ်းတာ စစ်တာ ခံခဲ့ရတာပါပဲ။ ကျွန်တော့်ကို အိမ်လာခေါ်တယ်။ ကျွန်တော်အိမ်မှာ မရှိဘူး။ နောက်တော့ သွားသတင်းပို့တယ်။ တစ်ခါတည်း ခလရ (၇၆) က ကွာတားထဲမှာ ချုပ်ထားလိုက်တယ်။ အိမ်က ထမင်းချိုင့် မှာစားလို့ရတယ်။ သုံးရက်နေတော့ နည်းနည်းပါးပါးမေးမြန်းပြီး အမှတ် ၈ ရဲစခန်းထဲ ပို့လိုက်တယ်။ အိမ်က အစားအသောက် မှာစားလို့ရတယ်။ ရဲစခန်းမှာ ၄ ရက်နေရတယ်။ နောက်တော့ နမခ စစ်အကျဉ်းထောင်ကို ပို့လိုက်တယ်။ ထောင်က ကျွေးတာစားရတယ်။ ငါးပိ၊ ချဉ်ပေါင်ဟင်းနဲ့ ထမင်းတော့ဝအောင် ကျွေးပါတယ်"လို့ သူက တပ်မတော်က လုပ်ကိုင်တဲ့ စစ်ကြောရေး အတွေ့အကြုံကို မျှဝေထားပါသေးတယ်။

## သမိုင်းတွင်မယ့် ပွဲတော်ကြီး

စာရေးသူတစ်ဖြစ်လဲ မျက်မြင်သက်သေတစ်ဦးဖြစ်ခဲ့ရတဲ့ ကိုမောင်မောင် အတွက် မမေ့နိုင်တဲ့ ညတစ်ညရှိခဲ့ဖူးပါတယ်။ အဲဒီနေ့က မှတ်မှတ်ရရ အဲဒီနေ့ဟာ ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ပဲဖြစ်ပါတယ်။ တစ်ရက်လုံးလုံး ဘယ်သူကိုမှ မတွေ့ရဘဲ ညနေခြောက်နာရီ ကျော်ကျော်လောက်ကျမှ လူသံတွေကို သူကြားခဲ့ရပါတယ်။ စာရေးသူနဲ့ အတူတူနေနေတဲ့ ရဲဘော်တွေ ပြန်လာတဲ့အခါ သူတို့အားလုံး မျက်နှာပျက်နေကြပြီး ညအိပ်တဲ့အခါမှာလည်း အတူနေရဲဘော်တွေဖြစ်တဲ့ သက်လင်းရော၊ ဖိုးနှောင်းရော အိပ်မက်ဆိုးတွေမက်ပြီး ဝူးဝူးဝါးဝါး ထအော်ကြပါတယ်။ အဲဒီနေ့က ဘာကြောင့် တော်လှန်ရေး ရဲဘော်တွေ မျက်နှာမကောင်းတာလဲ ဆိုတာကို နောက်တစ်နေ့မှာ ကိုမောင်မောင် သိခွင့်ရခဲ့ပါပြီ။ ထူးထူးခြားခြား နေ့ထူးနေ့မြတ်ကြီးမှာ ကျောင်းသားတပ်မတော်က သမိုင်းတွင်မယ့် ပွဲတော်ကြီးတစ်ခုကျင်းပပြုလုပ်ခဲ့တာဆိုပြီး စာရေးသူက နာနာကြည်းကြည်း အရွဲ့တိုက်ရေးသားထားတာကို ဖတ်ရှုခဲ့ရပါတယ်။

"ဘာပွဲလဲသိလား။ အစုလိုက်အပြုံလိုက် လူသတ်ပွဲတဲ့ဗျာ။ သူတို့လိုပဲ ယုံကြည်ချက်နဲ့ တောခိုလာတဲ့ ကျောင်းသားတွေထဲက အတူနေ၊ အတူစား၊ လုပ်ဖော်ကိုင်ဖက်ဟောင်း ၁၅ ယောက်ကို သွေးအေးအေးနဲ့ ဓားနဲ့ခုတ်သတ်ခဲ့ကြတာတဲ့။ ကျောင်းသားခေါင်းဆောင် ထွန်းအောင်ကျော်တို့၊ ချိုကြီးတို့ အပါအဝင် တစ်နေ့တည်းတစ်ချိန်တည်းမှာ လူ ၁၅ ယောက်သတ်လိုက်တာတဲ့... ကျွန်တော်ကတော့ ဒီလိုပဲစဉ်းစားမိတယ်။ သေချာတာကတော့ တောထဲရောက်လာတဲ့ မြို့ပေါ်က ခွပ်ဒေါင်းကို တောထဲမှာနေတဲ့ လင်းတတွေက မုဒိမ်းကျင့်လိုက်ကြတာပဲ" လို့ ကိုမောင်မောင်က မှတ်ချက်ပြုထားပါတယ်။

## အရေးကြီးတဲ့ သမိုင်းဖြစ်ရပ်တစ်ခု

"တော်လှန်ရေး လုပ်တယ်ဆိုတာ လူသတ်တာဗျ။ ဒီအရပ် ဒီဒေသမှာ ကျွဲတစ်ကောင်၊ ဝက်တစ်ကောင် မှားသတ်မိလို့ ပိုင်ရှင်ပေါ်လာရင် အလျော်ပေးရတဲ့ ထုံးစံရှိတယ်။ လူတစ်ယောက် မှားသတ်မိလို့ မကျေနပ်တဲ့သူ ပေါ်လာရင်တော့ အလျော်ပေးစရာ မလိုဘူးဗျ။ မသကာ နောက်တစ်ယောက် ထပ်သတ်ရုံပဲရှိတယ်။ ဒါတော်လှန်ရေးပဲ။

*စာမျက်နှာ ၇ သို့*



ထွန်းအောင်ကျော် (မန္တလေး)၊ ရဲလင်း (ရန်ကုန်)

**အကျဉ်းခံနေရတဲ့ ကျောင်းသားလေးတွေကို ထွက်ပြေးပြီး အလင်းဝင်တာနဲ့ တပ်မတော်က သတ်ပစ်တယ်ဆိုပြီး ဆိုက်ဝါးတွေကိုလည်း ရိုက်သွင်းထားတာကို ဖတ်ရှုရတဲ့အခါ ယနေ့ခေတ် လူငယ်တွေကို မြှောက်ပေးပြီး တစ်ဖက်လှည့်နဲ့ တပ်မတော်နဲ့ နိုင်ငံတော်ကို မယုံကြည်ရဲအောင် သွေးထိုးထားတဲ့ လူတစ်စုကို မြင်ယောင်မိပါတယ်။ သမိုင်းတစ်ပတ်လည်မှာ စိုးရိမ်လာမိတဲ့ အဲဒီအချိန်တုန်းက "အားလုံးကို ထောက်လှမ်းရေးလို့ ဝန်ခံခိုင်းထားတယ်။ ကိုညီလည်း ဝန်ခံထားရတယ်။ ကျွန်တော်ကတော့ ဝန်မခံသေးဘူး။ ဘာတွေဆက်ဖြစ်မလဲတော့ မသိဘူး။ ထွက်ပြေးပြီး အိမ်ပြန်သွားရင်လည်း စစ်တပ်က ကျောင်းသားဆိုရင် အလင်းဝင်ခွင့်မပေးဘူး။ သတ်ပစ်တာလို့ ကြားတယ်။ ဒီမှာ ဖြစ်တဲ့ဘဝနဲ့နေလိုက်ရတော့မှာပဲ။ အစ်ကိုရေ ကျွန်တော်တို့တော့ အကြီးအကျယ် မှားကုန်ကြတာပဲ။ ဘာဖြစ်ဖြစ်ဆိုပြီး မြို့ပေါ်မှာနေလိုက်ကြရင် အကောင်းသား။ ထောက်လှမ်းရေးက လာမေးတယ်ဆိုတာနဲ့ ပြေးလာလိုက်ကြတာ။ မြို့ပေါ်ကတောင် ဒီလောက်ဆိုးမှာမဟုတ်ဘူး" ဆိုပြီး အကျဉ်းကျနေတဲ့ ကျောင်းသားလေးတစ်ယောက်နဲ့ စကားပြောခန်းကို စာမျက်နှာ ၆၂ မှာ ဖတ်ရှုရမှာ ဖြစ်ပါတယ်**

**◆ မညီမညာဖြစ်သလို ကြံရာနဲ့ ဖြတ်ထားညှပ်ထားတဲ့ ဖရိုဖရဲဆံပင်နဲ့ မျက်နှာမှာလည်း မုတ်ဆိတ်မွေးတွေ၊ နှုတ်ခမ်းမွေးတွေ ထူလပျစ်နဲ့ တချို့နေရာတွေက မီးလောင်ထားလို့ အကွက်လိုက်ပါးနေသေးတယ်။ အာဟာရပြတ်ပြီး ဖောရောင်နေတဲ့ မျက်နှာဝိုင်းဝိုင်းနဲ့။ မျက်လုံးတွေကလည်း အလန့်တကြား ပြူးကြောင်ကြောင်နဲ့။ မျက်နှာတွေ၊ လည်ပင်းတွေ၊ လက်တွေကလည်း ကြေးအထပ်ထပ်နဲ့ မည်းသည်းလို့၊ လမ်းလျှောက်တာကလည်း ပုံမှန်မဟုတ်ဘူး ထော့နဲ့ထော့နဲ့နဲ့၊ အနွေးထည်ကမပါ၊ ဝတ်ထားတာက အပေါ်အောက် တွဲရက်စစ်စိမ်းရောင် အစနဲ့ချုပ်ထားတဲ့ အကျဦးသားဝတ်စုံ၊ ရင်ဘတ်မှာ ကြယ်သီးတွေမရှိတော့လို့ နှီးစနဲ့ ဆွဲချည်ထားရသေးတယ်။ အင်္ကျီရင်ဘတ်မှာလည်း ဘာတွေ စွန်းပေနေမှန်းမသိ၊ ကြည့်ရတာ သွေးခြောက်တွေ ထင်တာပဲ။ အပေါ်ရှေ့သွား တစ်ချောင်းကလည်း အောက်ကိုလျှော့ကျလို့၊ ဖိနပ်တစ်ဖက်က သားရေဖိနပ်အစုတ်၊ နောက်တစ်ဖက်က ရော်ဘာဖိနပ်အဟောင်းနဲ့ ကြေးအထပ်ထပ်နဲ့ မည်းနေတဲ့မျက်နှာပေါ်မှာ ကြေးတွေထက်ပိုမည်းတဲ့ ဒဏ်ရာအညိုအမည်းတွေနဲ့၊ နားရွက်တွေကလည်း ရောင်ကိုင်းပြီး အောက်ဖျားတွေမည်းလို့…**

*စာမျက်နှာ ၆ မှ*

ခင်ဗျား သေချာမှတ်ထားလိုက်…” ဆိုပြီး စာရေးသူကို VCS တာဝန်ယူထားတဲ့ မျိုးဝင်းဆိုသူက ပြောခဲ့တာကို ဖတ်ရှုလိုက်ရတဲ့အခါ ပြည်သူတွေရဲ့ အသက်ကို တန်ဖိုးမထားရက်လေခြင်း၊ ယုံကြည်ချက်တူတဲ့ ရဲဘော်တွေအပေါ် ရက်စက်လိုက်လေခြင်းဆိုတဲ့ အတွေးတွေရရှိလာစေပါတော့တယ်။ အဲဒါထက် ယနေ့လူငယ်တွေ တောခိုကြမယ်၊ တော်လှန်ကြမယ်ဆိုတဲ့အခါ သတိပြုရမယ့် အရေးကြီးတဲ့ သမိုင်းဖြစ်ရပ်တစ်ခုလို့ပဲ မြင်မိပါတော့တယ်။

မိမိကိုယ်ကိုယ် အထင်ကြီးစိတ်များပြီး ထင်ရာမြင်ရာတွေကို ပြောတတ်လုပ်တတ်တဲ့သူတွေ ခေါင်းဆောင်ပိုင်းရောက်လာတဲ့အခါ နောက်လိုက်တွေကစဉ့်ကလျားဖြစ်တတ်တဲ့ ဥပမာကိုလည်း စာရေးသူက ပီပီပြင်ပြင် ဖော်ထုတ်ထားပါသေးတယ်။ ခေါင်းဆောင်ပိုင်းတစ်ဦးနဲ့ သူတွေ့ဆုံစဉ်မှာ သူ့အလိုကျမြှောက်ပင့်ပြောလိုက်တာနဲ့ ဘယ်လိုတွေ ဖြစ်နေတယ်ဆိုတာကို ဖော်ထုတ်ရေးသားထားတာပါ။ “…မျိုးဝင်းက ကျွန်တော့်ဘက်လှည့်ပြီး ‘ပြောလိုက်ပါဦး ဒီကောင်တွေ သိသွားအောင်၊ ညီညီကျော် မြို့ပေါ်မှာ ဘာလုပ်နေသလဲဆိုတာ’ လို့ ထပ်ပြောခိုင်းပါတယ်။ ကျွန်တော်လည်း အလိုက်သင့်လေးပဲ ‘ညီညီကျော် စသုံးလုံးရုံးမှာ အလုပ်လုပ်နေပြီးတော့ စသုံးလုံးက သူ့ကိုကားတစ်စီးတောင် ပေးထားတယ်၊ အရာရှိပဲနေမှာပေါ့’ လို့ အဖြေပေးလိုက်တယ်။ အစောင့်ကလေးတွေကလည်း သူတို့ လူကြီးမှန်သွားတော့ ဝမ်းသာအားရနဲ့။ အစောင့်တစ်ယောက်ဆို ‘မိုက်တယ်ဗျာ VCS ရာ၊ မြို့ပေါ်မှာ ဘာတွေဖြစ်နေတယ်ဆိုတာကို အကုန်သိနေတာပဲ’ လို့ ပြောလိုက်တော့ ‘ဟကောင်ရ၊ ဒါငါ့အလုပ်ပဲလေကွာ။ ဘယ်ကောင်က ဘာကောင်ဆိုတာကို သိဖို့က ငါ့အလုပ်ပဲ။ ဒါနဲ့တောင် ထွန်းအောင်ကျော်ဆိုတဲ့ အကောင်က လာပြီး ငါနဲ့ ပခုံးချင်းယှဉ်ဖို့လုပ်နေတာ၊ တွေ့တယ်မဟုတ်လား၊ ဒီကောင်ဘာဖြစ်သွားတယ်ဆိုတာ’ လို့ ဂုဏ်ယူဝင့်ကြွားစွာနဲ့ ပြောလိုက်တယ်” ဆိုပြီး ခေါင်းဆောင်တစ်ဦးနဲ့တွေ့ဆုံခြင်းကို ပုံဖော်ရေးသားထားပါတယ်။

**“မညီမညာဖြစ်သလို ကြံရာနဲ့ ဖြတ်ထားညှပ်ထားတဲ့ ဖရိုဖရဲဆံပင်နဲ့ မျက်နှာမှာလည်း မုတ်ဆိတ်မွေးတွေ၊ နှုတ်ခမ်းမွေးတွေ ထူလပျစ်နဲ့ တချို့နေရာတွေက မီးလောင်ထားလို့ အကွက်လိုက်ပါးနေသေးတယ်။ အာဟာရပြတ်ပြီး ဖောရောင်နေတဲ့ မျက်နှာဝိုင်းဝိုင်းနဲ့။ မျက်လုံးတွေ**ကလည်း အလန့်တကြား ပြူးကြောင်ကြောင်နဲ့။ မျက်နှာတွေ၊ လည်ပင်းတွေ၊ လက်တွေကလည်း ကြေးအထပ်ထပ်နဲ့ မည်းသည်းလို့၊ လမ်းလျှောက်တာကလည်း ပုံမှန်မဟုတ်ဘူး ထော့နဲ့ထော့နဲ့နဲ့၊ အနွေးထည်ကမပါ၊ ဝတ်ထားတာက အပေါ်အောက် တွဲရက်စစ်စိမ်းရောင် အစနဲ့ချုပ်ထားတဲ့ အကျဦးသားဝတ်စုံ၊ ရင်ဘတ်မှာ ကြယ်သီးတွေ မရှိတော့လို့ နှီးစနဲ့ ဆွဲချည်ထားရသေးတယ်။ အင်္ကျီရင်ဘတ်မှာလည်း ဘာတွေ စွန်းပေနေမှန်းမသိ၊ ကြည့်ရတာ သွေးခြောက်တွေ ထင်တာပဲ။ အပေါ်ရှေ့သွား တစ်ချောင်းကလည်း အောက်ကိုလျှော့ကျလို့၊ ဖိနပ်တစ်ဖက်က သားရေဖိနပ်အစုတ်၊ နောက်တစ်ဖက်က ရော်ဘာဖိနပ်အဟောင်းနဲ့ ကြေးအထပ်ထပ်နဲ့ မည်းနေတဲ့မျက်နှာပေါ်မှာ ကြေးတွေထက်ပိုမည်းတဲ့ ဒဏ်ရာအညိုအမည်းတွေနဲ့၊ နားရွက်တွေကလည်း ရောင်ကိုင်းပြီး အောက်ဖျားတွေမည်းလို့…”ဆိုပြီး စာရေးသူ ကိုမောင်မောင်က သူ့ညီကို ပထမဆုံးအကြိမ် ပြန်မြင်တွေ့ခဲ့ရတဲ့ မြင်ကွင်းကို စာအုပ်ထဲမှာ ရေးဖွဲ့ထားပါတယ်။

ကျောင်းသား တပ်မတော်ကြီးကို ယုံကြည်လွန်းလို့ ကလေးသုံးယောက်နဲ့ ဇနီးသည်ကို ထားရစ်၊ မိဘမောင်ဖွားတွေကို ထားရစ်ခဲ့ပြီး တောခိုခဲ့တဲ့ တော်လှန်ရေးသမား ညီဖြစ်သူဟာ အချင်းချင်း နှိပ်စက်မှုဒဏ်တွေကို မခံနိုင်တဲ့ အဆုံးမှာ သူဟာ သူလျှိုတစ်ယောက်ဆိုတဲ့ တစ်ခါမျှတောင် မတွေးဖူးခဲ့တဲ့ ဘဝကို ခံယူလိုက်တာကိုလည်း စာရေးသူက ရေးသားထားပါသေးတယ်။ “ညီညီက တုန်ယင်တဲ့ လေသံခပ်တိုးတိုးလေးနဲ့ ‘ကိုမောင် ကျွန်တော်က နဝတထောက်လှမ်းရေးတပ်က တာဝန်ပေးမှုအရ ဒီတောတွင်းကို ရောက်လာခဲ့တာပါ’ ဆိုတော့ မျိုးဝင်းက ‘အဆင့်ပြော၊ မင်း အဆင့်ပြောလိုက်’ လို့ ဝင်ပြောပါတယ်။ ညီညီက ‘ကျွန်တော်က ထောက်လှမ်းရေးတပ်က ဗိုလ်ညီညီပါ’ တဲ့။ ကျွန်တော် ဘာပြောရမှန်းမသိတော့ဘဲ ဒုတိယအကြိမ် ဆွံ့အသွားခဲ့ရပြန်ပါတယ်။

ကိုမောင်မောင်ဟာ သူ့ညီအပါအဝင် ဖမ်းဆီးခံထားရတဲ့ အကျဉ်းသားတွေကို မိဘရပ်ထံ ပြန်လည်ပို့ဆောင်ပေးဖို့ ကြိုးပမ်းခဲ့ရာမှာ ‘ခင်ဗျားတို့ နိုင်ငံခြားသတင်းထောက်တွေရောက်အောင် ခေါ်နိုင်တာပဲ။ သူတို့ ရှေ့မှာ ကလေးတွေကို မိဘတွေလက်ထဲ ပြန်အပ်လိုက်ပေါ့။ အခမ်းအနားနဲ့အပ်မယ်ဗျာ။ ကျောင်းသားတပ်မတော်ဟာ နဝတထောက်လှမ်းရေးတွေ ဖမ်းမိတာကို အပြစ်မပေး အရေးမယူဘဲ သဘောထားကြီးစွာနဲ့ မိဘတွေလက်ထဲကို ပြန်လည်အပ်နှံတယ်ဆိုပြီးတော့ပေါ့။ ကမ္ဘာကိုလည်း ဝါဒဖြန့်ပြီးသား ဖြစ်သွားတာပေါ့’ လို့ ပြောလိုက်တယ်”ဆိုပြီး ရေးသားထားပါတယ်။

“ သူတည်းခိုတဲ့နေရာကို ပြန်တဲ့အခါ တဲထဲဝင်လာတဲ့ သက်လင်းက ဘာမပြော ညာမပြော ရှိုက်ကြီးတငင်ငိုပြီး အိပ်ရာထဲ ပြေးဝင်သွားတယ်။ ‘သူများတွေကျတော့ မိဘတွေနဲ့ တွေ့ရတော့မှာ ကျွန်တော်တို့ကျတော့မတွေ့ရဘူး’လို့ ပြောပြီး ရှိုက်ကြီးတငင် ငိုရင်း ‘ဒီလိုမှန်းသိရင် ကျောင်းသားထောက်လှမ်းရေး မလုပ်ပါဘူး။ စစ်ထောက်လှမ်းရေးလုပ်ပြီး ထောင်ထဲသွားနေမှာပေါ့။ အမေနဲ့ တွေ့ချင်တယ်။ အမေနဲ့ တွေ့ချင်တယ်’ လို့ ပြောရင်း ဆက်ငိုနေတယ်” ဆိုတဲ့ စာမျက်နှာ ၉၈ က စာပိုဒ်တွေဟာ တောခိုသွားခဲ့တဲ့ သေနတ်ကိုင် လက်မရွံ့ကလေး တစ်ယောက်ရဲ့ ခံစားချက်အစစ်အမှန်တွေဆိုတာကို မှန်းဆနိုင်မယ့် အဖြစ်အပျက်တွေပဲဖြစ်ပါတယ်။

အဲဒီ သက်လင်းဆိုတဲ့ ရဲဘော်လေး ပြောလို့ပဲ ကိုမောင်မောင်ဟာ ပြည်ထောင်စုနေ့မှာ အစုလိုက်လူသတ်ခဲ့တဲ့အကြောင်းကို တိတိကျကျသိခွင့်ရခဲ့ပြီး ဖြစ်စဉ်တွေကို ခရေစေ့တွင်းကျ တွေးတောနားလည်ခဲ့ရတာကိုလည်း စာအုပ်ရဲ့ အခန်း ၃ အဆုံးပိုင်းမှာ ရေးသားထားပါတယ်။ အတိအကျ ပြန်လည်ဖော်ပြရရင် “သူပြောပြလို့ပဲ ၁၂ ရက် ပြည်ထောင်စုနေ့က သေဒဏ်ပေးလိုက်တဲ့ သူတွေကို ဓားနဲ့ ခုတ်သတ်တဲ့အချိန် ထွန်းအောင်ကျော်က ဘယ်လောက်ခေါင်းမာသလဲဆိုတော့ သေဒဏ်အမိန့် ဖတ်ပြပြီးတဲ့ အချိန်အထိ ဘာအဆိပ်လက်နက် ဘာဆက်သွယ်ရေးစက်မှ အပ်မသွားဘူး။ သူ့ကိုဓားနဲ့ခုတ်ခါနီး ဘာပြောစရာရှိသေးလဲဆိုပြီး VCS က နောက်ဆုံးအခွင့်အရေးပေးတာကို ‘သူထောက်လှမ်းရေး မဟုတ်ဘူး။ သူ့ရဲ့ညှဉ့်ဖျင်းမှုကြောင့် ခံစားကြရတဲ့ သူတွေအားလုံး သူ့ကိုခွင့်လွှတ်ပါ’ လို့ အသံကောင်း ဟစ်သွားသေးတယ်တဲ့။ မတော်တရော် စကားတွေပြောနေတယ်ဆိုပြီး VCS က အမြန်ခုတ်သတ်လိုက်ရတာ” ဆိုတာကို သိခဲ့ရပါတယ်။

မေးခွန်းမေးခွင့်ရရင် ကျွန်တော် မေးချင်တယ်။ ABSDF က လုပ်နေတာ ဘာတော်လှန်ရေးလဲ၊ ဘယ်တိုင်းပြည်အတွက်လဲ၊ ဘယ်လူမျိုးအတွက်လဲ၊ ဘာကိစ္စဦးတည်ချက်ထားပြီး တော်လှန်ရေးလုပ်တာလဲ။ မျိုးဝင်းလိုကောင်မျိုးသာ အာဏာနည်းနည်းလောက် ရလိုက်ရင် တိုင်းပြည်မပြောနဲ့ နယ်တစ်နယ်လောက်ကို အာဏာရရင်တောင် ကမ္ဘောဒီးယားက ခမာနီ ပိုပေါ့ထက် ပိုဆိုးသွားလိမ့်မယ် ထင်တယ်။ ဒီလိုလူတွေ စည်းမဲ့ကမ်းမဲ့ သတ်နေတာကို KIA ကရော မသိဘူးလား။ မသိဘူးဆိုတဲ့ စကားလုံးကိုပြောလာတယ်ဆိုရင်တော့ ယုံကြည်နိုင်စရာမရှိပါဘူး။ သူတို့ပေးထားတဲ့ နယ်မြေထဲမှာလေ။ သူတို့ရဲ့ ဗဟိုဌာနချုပ်ကြီးနားမှာကပ်ပြီးဖြစ်နေတာပဲ။ ဘာကြောင့် ဒီကောင်တွေကို လွှတ်လွှတ်လပ်လပ် လူသတ်ခွင့် ပေးထားရတာလဲ။ အကြောင်းတစ်ခုခုတော့ ရှိရမယ်။ ကာယကံရှင်တွေက အသိဆုံးနေမှာပေါ့။ ကျွန်တော်တော့မသိဘူး။

**…NLD ကရော ဘာဖြစ်လို့ နှာစေးနေခဲ့တာလဲ၊ ရန်ကုန် NLD က မသိပါဘူးဆိုရင်တော့ နည်းနည်းမကျေမနပ်နဲ့ ထားလိုက်လို့ရပေမယ့် လွတ်မြောက်နယ်မြေရောက် NLD ကတော့ အကုန်သိနေတာပဲ။ တစ်ခုစဉ်းစားစရာကတော့ NLD(LA) က လူတွေက မျိုးဝင်းတို့နဲ့ အမျိုးတူ၊ နေရပ်တူတွေဖြစ်နေတယ်။ ရန်ကုန် NLD ကရော မြို့သစ်မှာ ဆန်ပြုတ်ကြိုသောက်ရင်သိတယ်။ နယ်စပ်က ကရင် အိမ်ထောင်စု လေးငါးစုလောက် ထိုင်းနိုင်ငံဘက် ထွက်ပြေးတာသိတယ်။ ဒီကိစ္စကျတော့မသိဘူးဆိုရင် စဉ်းစားစရာပဲ… ကမ္ဘာမှာ အတိုက်အခံပါတီဆိုတာ စာရင်းဝင်ထားတော့ လက်ရှိအစိုးရ ဘာလုပ်လုပ် အတိုက်အခံ လုပ်ရမယ့် တာဝန်ပဲရှိတယ်၊ ကိုယ့်အချင်းချင်းတွေ လုပ်ရင် ဘာမှမပြောရဘူးလို့များ နိုင်ငံခြားက သူတို့ ဆရာကြီးတွေက မှာထားသင်ထားသလားမှ မသိတာ။ ဒါကြောင့် သူတို့အားလုံးက ပြည်ထောင်စုနေ့ လူသတ်ပွဲကြီးကို မတားကြတာလား၊ တားလို့မရတာလား၊ အလိုတူအလိုပါတွေလား…” ဆိုပြီး စာရေးသူ မောင်မောင် (ရွှေကရဝိက်) က ပွင့်လင်းရိုးသားစွာနဲ့ ရေးသားဖော်ပြထားပါတယ်။**

*(ဆက်လက်ဖော်ပြပါမည်)*

**❖ တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။ နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ် ဆောင်ရွက်ကြရမှာ။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ ကျင်းပ




**နေပြည်တော် မေ ၂၈**

နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဝန်ထမ်း သား/ သမီးများနှင့် ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ဝန်ထမ်းသား/ သမီးများအားပညာသင်ထောက်ပံ့ငွေ ပေးအပ်ခြင်းအခမ်းအနားအား ယနေ့ နံနက် ၉ နာရီခွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် မိဘများတက်ရောက်ခဲ့ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ဂုဏ်ပြု အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ တာဝန်ရှိသူများက ဝန်ထမ်းသား/ သမီးများအတွက် ပညာသင်ထောက်ပံ့ကြေး၊ ပညာရည်ထူးချွန်ဆုများနှင့် အောင်ချက်အကောင်းဆုံးဆုများအား ပေးအပ်ချီးမြှင့်ခဲ့ပြီး ငါးဘာသာဂုဏ်ထူးရှင် မောင်အောင်မြတ်မင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးသည်။

**ဆုများချီးမြှင့်**

နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် တက္ကသိုလ်အသီးသီးသို့ တက်ရောက်လျက်ရှိသည့် ဝန်ထမ်းသား/သမီး ၂၀၄ ဦး၊ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း တက်ရောက်မည့် ဝန်ထမ်းသား/ သမီး ၁၃၀၈ ဦး၊ စုစုပေါင်း ၁၅၁၂ ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေးများနှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူ ၆ ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ငါးဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၂၀၊ တစ်ဘာသာဂုဏ်ထူးရှင် ၇၂ ဦး၊ ဂုဏ်ထူးရရှိသူ စုစုပေါင်း ၁၀၂ ဦး၊ လူရည်ချွန် ကျောင်းသား တစ်ဦး၊ တက္ကသိုလ်ဝင် စာမေးပွဲတွင် အောင်ချက် ၆၈ ဒသမ ၁၈ ရာခိုင်နှုန်းဖြင့် အောင်ချက်အကောင်းဆုံး ပထမဆုရ ရေးလူငယ်သင်တန်းကျောင်း၊ အောင်ချက် ၆၇ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် အောင်ချက်အကောင်းဆုံး ဒုတိယဆုရ မင်းပြား လူငယ်သင်တန်းကျောင်းနှင့် အောင်ချက် ၆၇ ဒသမ ၁၅ ရာခိုင်နှုန်းဖြင့် အောင်ချက်အကောင်းဆုံး တတိယဆုရ ကန်ပက်လက် လူငယ်သင်တန်းကျောင်းတို့ကို ထူးချွန်ဆုများ အသီးသီး ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တွန်းဇံမြို့နယ်နှင့် တမူးမြို့နယ်တို့ကို နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ် ၁၁၆ /၂၀၂၁**
**၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်**
**(၂၀၂၁ ခုနှစ်၊ မေလ ၂၈ ရက်)**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှုများပြားလာသဖြင့် အချို့သောမြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အောက်ပါမြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည် -

(က) ချင်းပြည်နယ်
  (၁) တွန်းဇံမြို့နယ်၊

(ခ) စစ်ကိုင်းတိုင်းဒေသကြီး
  (၁) တမူးမြို့နယ်။

၃။ အဆိုပါ မြို့နယ်(၂)မြို့နယ်ရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါ စည်းကမ်းချက်များကို လိုက်နာရမည် -

(က) မိမိနေအိမ်တွင်သာနေထိုင်ရန် (အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများမပါ)

(ခ) မဖြစ်မနေဈေးဝယ်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊

(ဂ) ဆေးရုံ၊ ဆေးခန်း သွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

(ဃ) နေအိမ်မှ ပြင်ပသို့သွားလာလျှင် ပါးစပ်/ နှာခေါင်းစည်း (mask) တပ်ရန်၊

(င) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့် ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

(စ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ (ဂ)နှင့် (စ) တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှ လည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက် ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည် ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၉-၅-၂၀၂၁ ရက်၊ ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

**ဒေါက်တာသက်ခိုင်ဝင်း**
**ပြည်ထောင်စုဝန်ကြီး**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို လက်ရည်ဆန်းစစ်မြားပစ်ပြိုင်ပွဲ တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် မေ ၂၈

**(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)၌ စခန်းသွင်း လေ့ကျင့်လျက်ရှိသော မြားပစ်အားကစားနည်း ပြိုင်ပွဲအကြို လက်ရည်ဆန်းစစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်များနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီတွင် ကျင်းပသည်။**



အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇေသီဟ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မြားပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဗိုလ်လုပွဲစဉ်အဖြစ် Compound Individual တစ်ဦးချင်းပြိုင်ပွဲနှင့် Mix Team နှစ်ယောက်တွဲပြိုင်ပွဲများ၊ Recurve Individual တစ်ဦးချင်းနှင့် Mix Team နှစ်ယောက်တွဲပြိုင်ပွဲများ ကျင်းပခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုများချီးမြှင့်ရာ ပြိုင်ပွဲတစ်လျှောက် အတိုးတက်ဆုံး အားကစားသမားဆုရရှိသော စိုင်းထွန်းအောင်ကို မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတောက်ထွန်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရရှိသော ထိုက်လင်းဦးကို မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ Recurve Individual တစ်ဦးချင်းပြိုင်ပွဲတွင် ဆုရရှိကြသူများကို မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇေသီဟနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းတို့က တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ Compound Individual တစ်ဦးချင်းပြိုင်ပွဲတွင် ဆုရရှိသူများကို ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ Recurve Mix Team နှစ်ယောက်တွဲပြိုင်ပွဲတွင် ဆုရရှိသူများကို ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ Compound Mix Team နှစ်ယောက်တွဲပြိုင်ပွဲတွင် ဆုရရှိသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်က တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း**(အပေါ်ပုံ)**အသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်

နေပြည်တော် မေ ၂၈

**COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၈ရက် နံနက်ပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်သည်။**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက အဖွင့်အမှာစကားပြောကြားရာ၌ COVD–19 ရောဂါ လတ်တလောတွေ့ရှိရမှု အနေဖြင့် မေ ၂၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်နှင့် ချင်းပြည်နယ် တွန်းဇံမြို့နယ် ကျီခါးမြို့တို့တွင် အစုလိုက်တွေ့ရှိမှုများ အပါအဝင် တစ်နိုင်ငံလုံးတွင် ၉၆ ဦး စစ်ဆေးတွေ့ရှိခဲ့ပါကြောင်း၊ ရောဂါဆက်လက်ကူးစက်ပြန့်ပွားမှုများကို ထိရောက်စွာတားဆီးနိုင်ရေးနှင့် ရောဂါဖြစ်ပွားမှုများကို အချိန်မီထိန်းချုပ်နိုင်ရေး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများကို ဖိတ်ခေါ်၍ ယနေ့အစည်းအဝေးကို ကျင်းပခြင်း ဖြစ်ပါကြောင်း။

## ဖြည့်ဆည်းဆောင်ရွက်

ချင်းပြည်နယ် တွန်းဇံမြို့နယ် ကျီခါးမြို့သို့ COVD–19 ရောဂါကာကွယ်နှိမ်နင်း ကုသရေးအတွက် လိုအပ်သော ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ပေးနေလျက်ရှိပြီး အသွားအလာ ကန့်သတ်ခြင်း၊ ခတ်ခွဲနမူနာရယူစစ်ဆေးခြင်း၊ ကျန်းမာရေး အသိပညာမြှင့်တင်ခြင်း အစရှိသော ရောဂါထိန်းချုပ်ခြင်း လုပ်ငန်းများကို သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် အရှိန်အဟုန်မြှင့်တင် ပူးပေါင်းဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ အလားတူ အခြားရောဂါဖြစ်ပွားမှုများပြားလျက်ရှိသော ဒေသများကိုလည်း လိုအပ်သည်များ အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

## ထိရောက်စွာ ပူးပေါင်း

အိမ်နီးချင်း နိုင်ငံများတွင်လည်း COVD–19 ရောဂါ မျိုးရိုးဗီဇပိုးအသစ်တွေ့ရှိမှုနှင့် ရောဂါကူးစက်မှုမြင့်မားနေခြင်းကြောင့် ကရင်ပြည်နယ် မြဝတီနယ်စပ်မှ ပြန်ဝင်ရောက်လာသူများမှ ရောဂါပြန့်ပွားမှုများကို ထိရောက်စွာတားဆီးနိုင်ရေးနှင့် ကုန်စည်စီးဆင်းမှုမထိခိုက်စေရေး COVD–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ လမ်းညွှန်မှုကိုခံယူကာ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်တွင်လည်း COVD–19 ရောဂါကူးစက်ဖြစ်ပွားမှု ဆက်တိုက်ရှိနေသည့်အတွက် ရောဂါ ဆက်လက်မပြန့်ပွားစေရေးလိုအပ်သည်များကိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

## ကြိုတင်ပြင်ဆင်

လတ်တလောတွေ့ရှိရသည့် ကူးစက်မှုများသည် COVID–19 ရောဂါ မျိုးရိုးဗီဇအသစ်ကြောင့် ဖြစ်ပွားခြင်း ရှိ/မရှိကို သိရှိနိုင်ရန်အတွက် မျိုးရိုးဗီဇစစ်ဆေးခြင်းကို အမြန်ဆုံး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာ မြှင့်တင်ခြင်းလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများတွင် ဖြစ်ပွားမှုများပြားနေစဉ်ကာလမှစတင်၍ အထူးအားဖြည့်ဆောင်ရွက်လျက်ရှိပြီး တစ်ချိန်တည်းတွင် ကုသရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ၊ ဆေးနှင့် ဆေးပစ္စည်းထောက်ပံ့ခြင်းစသည့် ဘက်ပေါင်းစုံမှ ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်း လုပ်ငန်းများကိုလည်း အထူးအားဖြည့် ဆောင်ရွက်လျက်ရှိပါကြောင်း။

## အားလုံးပူးပေါင်းဆောင်ရွက်

ယခုကဲ့သို့ ရောဂါဖြစ်ပွားမှု အစုလိုက်တွေ့ရှိရခြင်းနှင့် ဖြစ်ပွားမှု အနည်းငယ် များပြားလာခြင်းကိုထောက်ရှု၍ မိမိတို့၏ဆောင်ရွက်နေမှုများကို ယခုထက်ပိုမို၍ အားဖြည့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့ရရှိနိုင်သည့် အရင်းအမြစ်များကို ထိရောက်စွာအသုံးချ၍ ရောဂါဖြစ်ပွားမှု နောက်ထပ် လှိုင်းတစ်လှိုင်းအဖြစ် ပြင်းထန်စွာ ကူးစက်ပြန့်ပွားမှု မဖြစ်ပွားစေရေး အားလုံးပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသင့်မြတ်သူတို့က ရောဂါထိန်းချုပ်ရေး လုပ်ငန်းများနှင့် ကုသရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသော ချင်းပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ အောင်မြင့်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းလွင်၊ ကရင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်စွာမြင့်၊ တနင်္သာရီတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအေးသိန်း၊ မွန်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာရန်နောင်ထွန်းတို့က သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာန(ဗဟို)မှ တာဝန်ရှိသူများက မိမိတို့ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကိုရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၂၈** – နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် မုတ်သုံလေအားနည်းနေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# အောင်မြင်နေတဲ့ စိန်ပန်းနွယ်

**မောင်အောင်**


တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာရှိ သမဝါယမစိုက်ခင်းမှ ခြံထွက်သီးနှံများအား ကြည့်ရှုစစ်ဆေးစဉ်။

"ကျွန်တော်တို့ စိန်ပန်းနွယ် လယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းကို ၁၉၉၃ ခုနှစ်က စတင်ပြီး ဖွဲ့စည်းခဲ့တာပါ။ အသင်းသား ၄၃၉ ဦးရှိပြီး အစုတစ်စုကို ငွေကျပ် ၅၀၀၀ ထည့်ဝင်ရပါတယ်။ အမှုဆောင် ၁၁ ဦးရှိပြီး အားလုံး တောင်သူတွေပါ။ ပညာအရည်အချင်းကတော့ မူလတန်းအဆင့် ငါးဦး၊ အလယ်တန်းအဆင့် သုံးဦး၊ အထက်တန်းအဆင့်နှစ်ဦးနှင့် ဘွဲ့ရပြီးသူ တစ်ဦးပဲ ရှိပါတယ်။ အားလုံးက စီးပွားရေးအမြင်ရှိပြီး အသင်းစည်းကမ်း၊ ဥပဒေနှင့် ညွှန်ကြားချက်တွေကို လေးစားလိုက်နာကြပါတယ်။"

ကျွန်တော်တို့အဖွဲ့ တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာမှ စိန်ပန်းနွယ်ကုန်ထုတ် သမအသင်း စိုက်ခင်းများအတွင်းရှိ မဏ္ဍပ်၌ ရောက်ရှိနေခြင်းဖြစ်ပါသည်။ (၁၅ ပေ x ၂၀ ပေ) ရှိ မဏ္ဍပ်ကလေး ဝန်းကျင်တွင် ပန်းဂေါ်ဖီစိုက်ခင်း၊ မုန်လာစိုက်ခင်းများက စိမ်းစိုနေပြီး မြသားကမ္ဗလာခြုံထားသည်သို့ ရှိနေသည်။ ဖူးပွင့်နေသည့် ဂေါ်ဖီထုပ်များနှင့် ပန်းဂေါ်ဖီပွင့်များက မြသားကမ္ဗလာတွင် ပုလဲလုံးကလေးများ စီထားသည်သို့ ရှိနေသည်။ ကျွန်တော်တို့အဖွဲ့အား သမအသင်းဥက္ကဋ္ဌမှ မိတ်ဆက်ရှင်းပြနေခြင်း ဖြစ်သည်။

### စုစုပေါင်းစိုက်ဧက ၁၇၀ ရှိ

"ကျွန်တော်တို့မှာ အသင်းပိုင်မြေ မရှိပါဘူး။ အသင်းသားတွေက ဂေါ်ဖီ၊ ပြောင်းဖူး၊ ပန်းမုန်လာ၊ မုန်လာဥ၊ ငရုတ်နှင့်ခရမ်းသီးတွေ စိုက်ကြပါတယ်။ ဂေါ်ဖီစိုက်သူ ၂၀၊ ပန်းမုန်လာစိုက်သူ ၃၀၊ မုန်လာဥစိုက်သူ ၂၅ ဦး၊ ငရုတ်စိုက်သူ ၁၅ ဦး၊ ခရမ်းသီးစိုက်သူ ၃၀ နဲ့ ပြောင်းဖူးစိုက်သူ ၄၀ ရှိပါတယ်။ စုစုပေါင်းစိုက်ဧက ၁၇၀ ရှိပါတယ်။"

"ကုန်ကျစရိတ်အနေနဲ့ တစ်ဧက စိုက်ရင် ဂေါ်ဖီဆို ငွေကျပ် ၁၃ ဒသမ ၈ သိန်း၊ ပန်းမုန်လာဆိုရင် ငွေကျပ် ၉ ဒသမ ၂၀ သိန်း၊ မုန်လာဥဆိုရင် ငွေကျပ် ၇ ဒသမ ၇၀ သိန်း၊ ငရုတ်ဆိုရင် ငွေကျပ် ၅ ဒသမ ၇၅ သိန်း၊ ခရမ်းသီးဆိုရင် ငွေကျပ် ၄ ဒသမ ၆၀ သိန်းနဲ့ ပြောင်းဖူးဆိုရင် တစ်ဧကကို ငွေကျပ် ၃ ဒသမ ၈၄ သိန်း ကုန်ကျတယ်ခင်ဗျာ"

"ကဲ- ကုန်ကျတာတော့ ဟုတ်ပါပြီ။ ခင်ဗျာတို့သီးနှံတွေက အကျိုးအမြတ်ကရော ဘယ်လိုရသလဲ"

အသင်းဥက္ကဋ္ဌ စကားအပြတ်တွင် ကျွန်တော်က ဖြတ်၍ မေးလိုက်ခြင်းဖြစ်သည်။

"တစ်ဧကစိုက်တဲ့ အကျိုးအမြတ်ကတော့ ဂေါ်ဖီဆိုရင် ငွေကျပ် ၁ ဒသမ ၆ သိန်း၊ မုန်လာဥက ငွေကျပ် ၁၀ ဒသမ ၃ သိန်း၊ ငရုတ်က ငွေကျပ် ၉ ဒသမ ၂၅ သိန်း၊ ခရမ်းသီးက ငွေကျပ် ၈ ဒသမ ၆၀ သိန်းနဲ့ ပြောင်းဖူးက ငွေကျပ် ၂ ဒသမ ၅၆ သိန်းပါ ခင်ဗျာ"

"ခင်ဗျား ပြောသလိုအရဆိုရင် မုန်လာဥက အမြတ်အများဆုံးပဲလေ။ ဘာလို့ အမြတ်အများဆုံးဟာကို မစိုက်ကြတာလဲ"

"အဲဒါကတော့ အဘ၊ ကိုယ့်မြေရေအခြေအနေရယ်၊ လုပ်နိုင်တဲ့ လုပ်အားရယ်၊ ကျွမ်းကျင်မှုရယ်အပေါ် မူတည်ပြီး အမြတ်များမှန်းသိပေမယ့် ကိုယ်နဲ့သင့်တော်တဲ့သီးနှံကို စိုက်တာပါ ခင်ဗျာ"

"အေး-ကောင်းပါပြီ ထားပါတော့၊ ခင်ဗျားတို့ ထွက်တဲ့သီးနှံတွေကို ဘယ်လို ရောင်းကြသလဲ"

### အခင်းပြတ်ရောင်းကြ

"ကျွန်တော်တို့အသင်းသားတစ်ဦးချင်းက ကိုယ့်အစီအစဉ်နဲ့ကိုယ်၊ ဒေသခံသီးနှံပွဲစားတွေကို အခင်းပြတ် ရောင်းကြပါတယ် ခင်ဗျာ"

ကျွန်တော်၏ အမေးကို ဥက္ကဋ္ဌက ဖြေကြားလိုက်ခြင်းဖြစ်သည်။

"ဟင်း- ခင်ဗျားတို့ ပြောတော့ သမဝါယမလို့လည်း ပြောတယ်။ အခုကျွန်တော်နားထောင်နေတာတော့ စိုက်တော့လည်း ကိုယ့်ဘာသာ စိုက်ကြတယ်။ ရောင်းတော့လည်း ကိုယ်ရောင်းချင်တဲ့ ကုန်သည်ဆီ ကိုယ့်ဘာသာရောင်းတယ်။ ဒီလိုဆိုတော့ ခင်ဗျားတို့သမဝါယမဦးစီးဌာနက ဘာလုပ်ပေးသလဲ"

ကျွန်တော်က ကျွန်တော်တို့အဖွဲ့တွင် ပါလာသည့် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် နေပြည်တော်သမဝါယမဦးစီးဌာနမှူးတို့ဘက်သို့ လှည့်၍မေးလိုက်ခြင်း ဖြစ်သည်။

"ကျွန်မတို့ နေပြည်တော်သမဝါယမဦးစီးဌာနက China Exim Bank ပံ့ပိုးချေးငွေနဲ့ အသင်းသား တစ်ဦးချင်းကို စိုက်ပျိုးစရိတ် ချေးငွေထုတ်ပေးပါတယ်ရှင့်။ ဒီနှစ်ဆိုရင် ဂေါ်ဖီ၊ ပန်းမုန်လာ၊ မုန်လာဥ၊ ငရုတ်၊ ခရမ်းသီးနှင့် ပြောင်းဖူး စိုက်ပျိုးသူတောင်သူ ၁၆၀ အတွက် တစ်ဦးလျှင် ငွေကျပ် ၁ ဒသမ ၇ သိန်းနှုန်းဖြင့် ငွေကျပ် ၂၇၂ သိန်း သမအသင်းကို ထုတ်ချေးပေးပါတယ်ရှင့်။ အတိုးနှုန်းကတော့ ငွေကျပ် ၁၀၀ ကို တစ်လလျှင် အတိုးနှုန်း ငွေကျပ် ၁ ဒသမ ၆၀ နှုန်း ဖြစ်ပါတယ်ရှင့်"ဟု နေပြည်တော်ကောင်စီ သမဝါယမဦးစီးဌာနမှူးက ဖြေဆိုခြင်း ဖြစ်သည်။

"ကျွန်တော်တို့ သမအသင်းက အသင်းပိုင်ငွေကိုရော၊ အဲဒီနေပြည်တော်ကောင်စီသမဦးစီးဌာနက ထုတ်ချေးပေးတဲ့ငွေကိုပါ အသင်းသားတွေကို ငွေကျပ် ၁၀၀ လျှင် ငွေကျပ် ၁ ဒသမ ၇၅ နှုန်းနဲ့ အသင်းသားတွေ လိုသလောက်ထုတ်ချေးပေးပြီး ကျွန်တော်တို့အသင်းကတာဝန်ယူပြီး အဲဒီထုတ်ချေးငွေကို သမဝါယမဦးစီးဌာနကို ပြန်ပြီးပေးဆပ်ပါတယ် ခင်ဗျာ"

စိန်ပန်းနွယ် သမအသင်းဥက္ကဋ္ဌက အသင်းသားများအတွက် သူတို့အသင်း၏ ဆောင်ရွက်ချက်ကို ဂုဏ်ယူစွာဝင်ရောက်ရှင်းပြလိုက်ခြင်းဖြစ်သည်။

"ခင်ဗျားတို့ သီးနှံတွေ တစ်ဧကပြန်ပြီး ရောင်းရင် ဘယ်လောက်ရသလဲ။ နောက်ပြီးအသင်းက ဦးစီးပြီး ဈေးကွက်ကို ကိုယ်တိုင်သွားပြီးရောင်းရင် အမြတ်ပိုပြီး မရနိုင်ဘူးလား"

### ကုန်သည်မရှိတာကြောင့်

"အခုလက်ရှိတော့ အခင်းပြတ်ရောင်းရင် တစ်ဧကကို ဂေါ်ဖီဆိုရင် ငွေကျပ် ၁၅ ဒသမ ၄ သိန်း၊ ပန်းမုန်လာဆိုရင် ငွေကျပ် ၁၆ သိန်း၊ မုန်လာဥဆိုရင် ငွေကျပ် ၁၈ သိန်း၊ ငရုတ်ဆိုရင် ငွေကျပ် ၁၅ သိန်း၊ ခရမ်းသီးဆိုရင် ငွေကျပ် ၁၃ ဒသမ ၂ သိန်းနဲ့ ပြောင်းဖူးဆိုရင်ငွေကျပ် ၆ ဒသမ ၄ သိန်းရပါတယ်။ အဘပြောသလို အသင်းက တာဝန်ယူပြီး စုပြီးရောင်းချဖို့က သိုလှောင်ဖို့နေရာ အခက်အခဲရှိတာရယ်၊ အလေအလွင့်များတာရယ်၊ ရန်ကုန်တို့၊ မော်လမြိုင်တို့၊ ဘားအံတို့မှာ ကိုယ့်ကုန်သည်မရှိတာရယ်ကြောင့် လုပ်ကြည့်ဖို့ကြိုးစားပေမယ့် မလုပ်ဖြစ်တာပါအဘ"

"ကဲ- ကောင်းပါပြီ၊ ခင်ဗျားတို့ သမအသင်းက စိုက်ပျိုးရေးတစ်ခုတည်းလား၊" ဒီပြင် ဘာလုပ်သေးလဲ"

"ကျွန်တော်တို့ မွေးမြူရေးလုပ်ငန်းလည်း လုပ်ပါတယ်ခင်ဗျာ၊ ဝက်မွေးတဲ့အသင်းသား ၁၀၂ ဦးက ဝက် ၂၀၄ ကောင် မွေးမြူထားပြီး နွားမွေးတဲ့အသင်းသား ၂၈၃ ဦးက နွား ၅၆၆ ကောင်မွေးထားပါတယ်ခင်ဗျာ၊ ဝက်တစ်ကောင်မွေးလျှင် ဝက်ဖိုး၊ အစာဖိုးအပါအဝင် တစ်ကောင်ကို ငွေကျပ် နှစ်သိန်းကျော်ကျော် ကုန်ကျပြီး နွားမွေးတဲ့လူကတော့ ဒီတစ်ကောင်မွေးလျှင် ငွေကျပ် ငါးသိန်းနီးပါး ကုန်ကျပါတယ် ခင်ဗျာ"

"အဲဒီ မွေးမြူရေးသမားတွေကိုရော ခင်ဗျားတို့အသင်းက ဘာလုပ်ပေးသလဲ။ ငွေချေးပေးသေးလား"

"ချေးပေးပါတယ် ခင်ဗျာ။ ဝက်မွေးတဲ့ လူတွေကို ဝက်တစ်ကောင်ကို ငွေကျပ် ၅၀၀၀၀ နှုန်း၊ နွားမွေးတဲ့သူတွေကို နွားတစ်ကောင်လျှင် ငွေကျပ် တစ်သိန်းနှုန်းနှင့် စုစုပေါင်း ၆၆၈ သိန်း ထုတ်ချေးပေးပါတယ် ခင်ဗျာ"

"အဲဒီပိုက်ဆံကရော China Exim Bank ကပဲလား"

ကျွန်တော်က ဖြတ်၍ မေးလိုက်ခြင်း ဖြစ်သည်။

"မဟုတ်ပါဘူး ခင်ဗျာ။ ရိန်းဘိုးဝန်ဆောင်မှုသမအသင်းနဲ့ မြို့နယ်သမဝါယမအသင်းစုကပါ။ ရိန်းဘိုးဝန်ဆောင်မှုသမအသင်းက ငွေကျပ် ၁၀၀ တစ်လလျှင် ၁ ဒသမ ၆၀ အတိုးနှုန်းပေးရပြီး မြို့နယ်သမဝါယမအသင်းစုကတော့ ငွေကျပ် ၁၀၀ တစ်လလျှင် ၁ ဒသမ ၂၅ ကျပ်နှုန်း အတိုးပေးရပါတယ်။ ကျွန်တော်တို့ စိန်ပန်းနွယ်သမအသင်းက အသင်းသားတွေကို ငွေကျပ် ၁၀၀ လျှင် ၁ ဒသမ ၅ ကျပ်နှုန်းဖြင့် ပြန်ပြီးချေးပေးတာပါခင်ဗျာ"

"အဲဒီ ဝက်တွေ၊ နွားတွေ မွေးတဲ့လူရော အဆင်ပြေရဲ့လားဗျ၊ မြတ်ရော မြတ်ရဲ့လား၊ ဘယ်လောက်မြတ်သလဲ"

### နှစ်သိန်းကျော်ကျော်မြတ်

"မြတ်ပါတယ် ခင်ဗျာ၊ ဝက်တစ်ကောင် ခြောက်လမွေးပြီးလို့ ပြန်ရောင်းလျှင် ငွေကျပ် ၃ ဒသမ ၅ သိန်းရတဲ့အတွက် ငွေကျပ် ၁၃ သိန်းလောက်မြတ်ပါတယ် ခင်ဗျာ။ နွားကတော့ တစ်နှစ်လောက်မွေးပြီး ပြန်ရောင်းလျှင် ငွေကျပ် ခုနစ်သိန်းလောက်ရတဲ့အတွက် နှစ်သိန်းကျော်ကျော်တော့ မြတ်ပါတယ် ခင်ဗျာ"

*စာမျက်နှာ ၁၁ သို့*

**"ကျွန်တော်တို့ သမအသင်းက ငွေစုငွေချေးလုပ်ငန်းလည်း လုပ်ပါတယ်ခင်ဗျာ။ အသင်းသား ၄၃၉ ဦးရှိပြီး စုဆောင်းငွေပေါင်း ငွေကျပ် ၁၄၅ ဒသမ ၄၀ သိန်း ရှိပါတယ်။ ထုတ်ချေးလည်ပတ်ငွေပေါင်း ငွေကျပ် ၈၉၀ ဒသမ ၇၀ သိန်းရှိပါတယ်။ ထုတ်ချေးငွေအပေါ် အတိုးနှုန်းကတော့ စိုက်ပျိုးရေးအသင်းသားဆိုလျှင် ငွေကျပ် ၁၀၀ တစ်လလျှင် ငွေကျပ် ၁ ဒသမ ၇၅ နှုန်းဖြစ်ပြီး မွေးမြူရေးအသင်းသားက ငွေကျပ် ၁၀၀ တစ်လလျှင် ၁ ဒသမ ၅၀ နှုန်း ဖြစ်ပါတယ်ခင်ဗျ။ အခုအချိန်ထိ ကျွန်တော်တို့အသင်းမှာ ကာလလွန်ကြွေးကျန် လုံးဝမရှိပါခင်ဗျ"**

စာမျက်နှာ ၁၀ မှ

"ခင်ဗျားတို့က ပြောတာတော့ ချောလို့၊ တွက်ရေးတော့ စက်သူဌေးပေါ့၊ တွက်ကြည့်မှ စက်မရှိ ဖြစ်နေမယ်၊ မတော်တဆ ရောဂါဖြစ်ပြီး သေရင် ဘယ့်နှယ်လုပ်မလဲ"

"ရောဂါမဖြစ်ပါဘူး ခင်ဗျာ၊ ကျွန်တော်တို့ ကာကွယ်ဆေးတွေ ပုံမှန်ထိုးပေးပြီး တစ်ပတ်တစ်ကြိမ် လည်းလာပြီး ကြည့်ပေးပါတယ်"

ကျွန်တော့်အမေးကို ကျွန်တော်တို့နှင့် အတူပါလာသည့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သူ၏ တပည့်ကို လှမ်းပြီး အကြည့် တပ်ကုန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးက ဝင်ရောက်ဖြေဆိုလိုက်ခြင်း ဖြစ်သည်။

"ကဲ ဟုတ်ပြီ၊ ခင်ဗျားတို့ စိန်ပန်းနွယ်လယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းက စိုက်ပျိုးရေးလုပ်တယ်၊ မွေးမြူရေးလုပ်ငန်းလုပ်တယ်၊ ပြီးတော့ ဘာလုပ်သေးလဲ"

## ကြွေးကျန်လုံးဝမရှိ

"ကျွန်တော်တို့ သမအသင်းက ငွေစုငွေချေးလုပ်ငန်းလည်း လုပ်ပါတယ်ခင်ဗျာ။ အသင်းသား ၄၃၉ ဦးရှိပြီး စုဆောင်းငွေပေါင်း ငွေကျပ် ၁၄၅ ဒသမ ၄၀ သိန်း ရှိပါတယ်။ ထုတ်ချေးလည်ပတ်ငွေပေါင်း ငွေကျပ် ၈၉၀ ဒသမ ၇၀ သိန်းရှိပါတယ်။ ထုတ်ချေးငွေအပေါ် အတိုးနှုန်းကတော့ စိုက်ပျိုးရေးအသင်းသားဆိုလျှင် ငွေကျပ် ၁၀၀၊ တစ်လလျှင် ငွေကျပ် ၁ ဒသမ ၇၅ နှုန်းဖြစ်ပြီး မွေးမြူရေးအသင်းသားက ငွေကျပ် ၁၀၀ ကျပ် တစ်လလျှင် ၁ ဒသမ ၅၀ နှုန်း ဖြစ်ပါတယ်ခင်ဗျ။ အခုအချိန်ထိ ကျွန်တော်တို့အသင်းမှာ ကာလလွန်ကြွေးကျန် လုံးဝမရှိပါခင်ဗျ"

အသင်းဥက္ကဋ္ဌက ရင်ကော့ပြီး တင်ပြလာခြင်းဖြစ်သည်။

"အေး အဲဒီအချက်က ခင်ဗျားတို့ အသင်း ၂၇ နှစ်တိုင်တိုင် ရပ်တည်နေနိုင်တဲ့ အဓိက အချက်တစ်ချက်ပဲ၊ အသင်းသားတွေအတွက်ရော အမြတ်ဘယ်လောက် ပေးနိုင်သလဲ"

"စိုက်ပျိုးရေး အသင်းသားတွေကို ငွေကျပ် ၇ ဒသမ ၃၉၆ သိန်းနဲ့ မွေးမြူရေး အသင်းသား တွေကို ငွေကျပ် ၁၂ ဒသမ ၃၂ သိန်း၊ အမြတ်အနေနဲ့ ထုတ်ပေးနိုင်ပါတယ် ခင်ဗျာ"

## စည်းလုံးညီညွတ်မှု

"အေး ဝမ်းသာပါတယ်ဗျာ။ သမဝါယမအသင်းတစ်သင်း အောင်မြင်တယ်ဆိုတာ ခင်ဗျားတို့ အမှုဆောင်တွေရဲ့ အသင်းအပေါ် စေတနာထားမှု၊ ကိုယ်ကျိုးမကြည့်မှုနဲ့ အသင်းသားတွေရဲ့ စည်းလုံးညီညွတ်မှုကြောင့်ပဲ။ အဲ-နောက်ပြီး အသင်းသားတွေအတွက်ရော ခင်ဗျားတို့ဘာတွေ လုပ်ပေးနိုင်သေးသလဲ"

"ကျွန်တော်တို့ အသင်းသားတွေကို ခြောက်လတစ်ကြိမ် စုဆောင်းငွေအပေါ် အတိုးထုတ်ပေးပြီး နှစ်စဉ်အစုပေါ်အမြတ်လည်း ထုတ်ပေးပါတယ်။ ဒါ့အပြင် အသင်းသားတစ်ဦး နာမကျန်းဖြစ်လျှင် ငွေကျပ် ၃၀၀၀၀ ထောက်ပံ့ပေးပြီး ကွယ်လွန်လျှင် ငွေကျပ် ၅၀၀၀၀ ထောက်ပံ့ကူညီပေးပါတယ်။ အသင်းသားမိသားစုထဲမှ ပညာရည်ထူးချွန်သည့် ကျောင်းသားရှိပါက တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်း ထောက်ပံ့ပေးပါတယ်။ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးမှာလည်း အသင်းသားတွေကို လက်ဆောင်ပစ္စည်းနှင့် အစည်းအဝေးတက်ရောက် စရိတ်ထုတ်ပေးပါတယ်"

"ဒါ့အပြင် နေပြည်တော်တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀)ကိုလည်း ရာသီသီးနှံထွက်ရှိတဲ့အချိန်မှာ တစ်ကြိမ်လျှင် ငွေကျပ် နှစ်သိန်း လှူဒါန်းပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ ကျေးရွာစာကြည့်တိုက်ကို အလှူငွေကျပ် နှစ်သိန်းနဲ့ ကျေးရွာစာသင်ကျောင်းကို ငွေကျပ် ၅၀၀၀၀ နဲ့ ၂၀၁၇-၂၀၁၈ တုန်းက ကျေးရွာရွာလယ်လမ်းတံတား တည်ဆောက်ဖို့ အလှူငွေကျပ် လေးသိန်း ထည့်ဝင်လှူဒါန်းခဲ့ပါတယ်"

"အေးဗျာ ကြားရတာ ဝမ်းသာစရာပါ၊ ခင်ဗျားတို့ သမဝါယမအသင်း ငွေကြေးအလွဲသုံးစားလုပ်တာတို့၊ အသင်းအမှုဆောင်တွေကို အသင်းသားတွေက မကျေနပ်လို့ ပစ်စာ၊ တိုင်စာပစ်တာတွေ လုံးဝမရှိဘူးမဟုတ်လား"

အသင်းဥက္ကဋ္ဌ၏ ရှင်းလင်းပြချက်များက ကျွန်တော့်၏ ရင်ထဲကို ကြည်နူးချမ်းမြေ့စေပါသည်။ သို့ဖြစ်၍လည်း ကြည်နူးဝမ်းမြောက်စွာ ပြောမိခြင်းဖြစ်ပါသည်။

"ဟုတ်ကဲ့ မရှိပါဘူး ခင်ဗျား။ ကျွန်တော်တို့ အသင်းအမှုဆောင်တွေအားလုံး အသင်းစည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေနှင့် ညွှန်ကြားချက်တွေကို လေးစားလိုက်နာပါတယ်။ အသင်းစာရင်းစစ်အဖွဲ့ကလည်း အသင်းစာရင်းတွေကို ပုံမှန်စစ်ဆေးပါတယ်။ သမဝါယမဦးစီးဌာန စစ်ဆေးတာကိုလည်း ခံယူနိုင်ပါတယ်။ ကျွန်တော်တို့အသင်းက အသင်းသားတွေရဲ့ အကျိုးသာမက ရပ်ရွာအကျိုးကိုလည်း သယ်ပိုးဆောင်ရွက်ပေးနိုင်ပါတယ်"

"အေး ကောင်းပါပြီဗျာ၊ ခင်ဗျားတို့ အသင်းရဲ့ စည်းလုံးညီညွတ်မှုနဲ့ အောင်မြင်မှုအတွက် ကျွန်တော်က ဒါလေး ချီးမြှင့်ပါရစေ"

ကျွန်တော်က သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အသင့်ယူလာပေးသည့် စာအိတ်ကလေးဖြင့် စိန်ပန်းနွယ် သမဝါယမအသင်းဥက္ကဋ္ဌအား ဂုဏ်ပြုချီးမြှင့်လိုက်မိသည်။ ပြီးတော့ အသင်းတိုးတက်ရေးအတွက် ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမဦးစီးဌာနမှ ဆောင်ရွက်ပေးရမည့် အောက်ပါလုပ်ငန်းများကိုလည်း ကျွန်တော်၏ မှတ်စုစာအုပ်တွင် ရေးမှတ်ထားလိုက်သည် -

- စိန်ပန်းနွယ်သမဝါယမအသင်း၏ ထုတ်ကုန်သီးနှံများ၊ ဝယ်လိုအားနှင့်ရောင်းလိုအား ညီညွတ်မှုတရန်၊ ဒေသအသီးသီးရှိ သမဝါယမ အသင်းများနှင့် ချိတ်ဆက်ပေးရန်၊
- သီးနှံထွက်ကုန်များ အရည်အသွေးပြည့်ဝရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေးပညာရှင်များနှင့် ချိတ်ဆက်ပေးရန်၊
- စိုက်ပျိုးရေး ဈေးကွက်စင်တာဖြစ်ပေါ်လာရေး ချိတ်ဆက်ဆောင်ရွက်ပေးရန်၊
- သီးနှံထုတ်လုပ်သူများ ကိုယ်တိုင်ရောင်းချသည့် ရောင်းသူဈေးကွက်ဖော်ဆောင်ရေး ကူညီဆောင်ရွက်ပေးရန်၊

ကျွန်တော် ရေးမှတ်ထားသည့် အချက်များ မည်မျှအကောင်အထည်ဖော် ဆောင်ရွက်ပြီးပြီလဲ။

ကျွန်တော့်သီးနှံစိုက်တောင်သူများအတွက် စိန်ပန်းနွယ် သမဝါယမအသင်းအတွက် ကျွန်တော် ဆောင်ရွက်ပေးရပါဦးမည်။



တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာ၌ စိုက်ပျိုးသည့် ခြံထွက်သီးနှံများကို နွားလှည်းဖြင့် သယ်ယူနေစဉ်။

# မြန်မာ့လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း စီမံကိန်းညှိနှိုင်း အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၈

**၂၀၂၂ ခုနှစ် မြန်မာ့လယ်ယာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းစီမံကိန်း ညှိနှိုင်းအစည်းအဝေးကို မေ ၂၇ ရက် မွန်းလွဲပိုင်းက ရုံးအမှတ် (၁၆) လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် မြန်မာနိုင်ငံ လယ်ယာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း စီမံကိန်းကို တာဝန်ယူဆောင်ရွက်မည့် ဌာနဖြစ်သော လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲ ညွှန်ကြားရေးမှူးများ၊ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ တိုင်းဒေသကြီး၊ ပြည်နယ် ကြေးတိုင်ဦးစီးဌာန (အထက်/ အောက်မြန်မာပြည်) မှ ကြေးတိုင်ဦးစီးဌာနမှူးများနှင့် လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်မည့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် မြန်မာနိုင်ငံ လယ်ယာ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းစီမံကိန်း၏ အမျိုးသား စီမံကိန်း ညှိနှိုင်းပေါင်းစပ်ရေးမှူးက စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်များအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်နှင့် တက်ရောက်သူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြသည်။

FAO ၏ အစီအစဉ်ဖြင့် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများတွင် လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ၁၀ နှစ်တစ်ကြိမ် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၌ ၁၉၅၃၊ ၁၉၉၃၊ ၂၀၀၃ နှင့် ၂၀၁၀ တို့တွင် လေးကြိမ်ဆောင်ရွက်ခဲ့ပြီးဖြစ်ကာ ယခု အကောင်အထည်ဖော်ဆောင်ရွက်မည့် လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းစီမံကိန်းသည် ပဉ္စမအကြိမ်မြောက် ပါဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါစီမံကိန်း၏ ရလဒ်အပေါ် အခြေခံ၍ နိုင်ငံတကာ၏ လယ်ယာကဏ္ဍဆိုင်ရာ ပံ့ပိုးမှုကိစ္စရပ်များ ရရှိနိုင်မှု အစီအစဉ်၌ ပါဝင်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အခြေခံပညာကျောင်းများ သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်

**နေပြည်တော် မေ ၂၈**

၂၀၂၁ - ၂၀၂၂ ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ အခြေခံပညာကျောင်းများ၌ တိုင်းစစ်ဌာနချုပ်များ အလိုက် နယ်မြေခံတပ်မတော်သားများနှင့် မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကျောင်းသန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကလောမြို့၊ ဟဲဟိုးမြို့၊ ပင်လုံမြို့၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၊ ကော့သောင်းမြို့နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့တို့ရှိ အခြေခံပညာကျောင်းများ၌ ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ ဖောက်လုပ်ပေးခြင်း၊ စာသင်ဆောင်အတွင်း၊ အပြင် သန့်ရှင်းရေးပြုလုပ်ပေးခြင်း၊ ခြင်ဆေးဖျန်းခြင်းနှင့် သင်ထောက်ကူ ပစ္စည်းများ ပြန်လည် ပြုပြင်ပေးခြင်းတို့ကို စုပေါင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အရှေ့အလယ်ပိုင်းဒေသ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် ကုလသမဂ္ဂတောင်းဆို

**ဂျီနီဗာ မေ ၂၈**

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသည် မကြာသေးမီအချိန်ကဖြစ်ပွားခဲ့သည့် ပါလက်စတိုင်း စစ်သွေးကြွအုပ်စုနှင့် အစ္စရေးတပ်ဖွဲ့တို့အကြား တိုက်ပွဲများကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန်အမိန့်ပေးခဲ့သည်။

အဆိုပါတိုက်ခိုက်မှုများမှာ အပြည်ပြည်ဆိုင်ရာ ဥပဒေကိုချိုးဖောက်သည်ဟု ၎င်းတို့က ပြောသည်။ ယခုလ အစောပိုင်းကလည်း ဟားမားစ်တို့သည် အစ္စရေးနိုင်ငံတောင်ပိုင်းကို ဒုံးကျည်များ၊ မော်တာများနှင့် ပစ်ခတ်မှုများ ပြုလုပ်ခဲ့ရာ ၁၂ ဦး သေဆုံးခဲ့သည်။

အစ္စရေးတပ်ဖွဲ့ဝင်များ၏ လက်တုံ့ပြန်သည့်အနေဖြင့် ပြန်လည်တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်း ၂၄၀ကျော် အသက်ဆုံးရှုံးခဲ့ရသည်။ အဆိုပါတိုက်ခိုက်မှုများမှာ စစ်ရာဇဝတ်မှုများ ပါဝင်နိုင်သည်ဟု ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်နာ မီရှယ်ဘတ်ချလက်က ပြောသည်။ အခြားတစ်ဖက်က ကြည့်လျှင်လည်း ယင်းသို့တိုက်ခိုက်မှုများမှာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေကို ချိုးဖောက်ရာရောက်သည်ဟု ၎င်းက ဆက်ပြောသည်။

လူ့အခွင့်အရေးကောင်စီ အဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူများ တာဝန်ခံနိုင်ရေးအတွက် သက်သေအချက်အလက်များ စုဆောင်းနိုင်ရန်လွတ်လပ်သော ကော်မရှင်ဖွဲ့စည်းရန် အမိန့်ထုတ်ခဲ့သည်။ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုကမူ ယင်းသို့ပြုလုပ်ခြင်းမှာ အစ္စရေးအပေါ် အမြစ်ဆွဲနေသည့် ဆန့်ကျင်မှုတစ်ခုဟု ပြောဆိုခဲ့သည်။

**အင်န်အိတ်ချ်ကေ**



ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်နာ မီရှယ်ဘတ်ချလက်။

## စစ်တပ်အာဏာသိမ်းပြီးနောက် မာလီကြားဖြတ်သမ္မတနှင့် ဝန်ကြီးချုပ်တို့ ရာထူးမှနုတ်ထွက်



နုတ်ထွက်သွားသည့် မာလီကြားဖြတ်သမ္မတ ဘာဒေါကို တွေ့ရစဉ်။

**ဘာမာကို မေ ၂၈**

စစ်တပ်က အာဏာသိမ်းပြီးနောက် နှစ်ရက်အကြာတွင် မာလီ ကြားဖြတ်သမ္မတနှင့် ဝန်ကြီးချုပ်တို့ ရာထူးမှ နုတ်ထွက်သွားကြောင်း စစ်တပ်ခန့်အပ်ထားသည့် ဒုတိယ သမ္မတ၏ လက်ထောက်တစ်ဦးက ပြောကြားလိုက်သည်။

နိုင်ငံတကာ ပြစ်တင်ရှုတ်ချမှုများနှင့် ဒဏ်ခတ်အရေးယူသွားမည်ဟု သတိပေးထားသည့်ကြားက အရပ်သားခေါင်းဆောင်နှစ်ဦး ဖြစ်သည့် သမ္မတဘာဒေါနှင့် ဝန်ကြီးချုပ် မော်တာအောင့် တို့သည် မာလီမြို့တော် ဘာမာကို အပြင်ဘက် ကာတီ စစ်အခြေစိုက်စခန်းတွင် မေ ၂၄ ရက်က စစ်တပ်၏ ဖမ်းဆီး ထိန်းသိမ်းခြင်းကို ခံထားရသည်။

လွန်ခဲ့သည့် ဩဂုတ်လက စစ်တပ် အာဏာသိမ်းခြင်းကို ဦးဆောင်ခဲ့သည့် ဒုတိယသမ္မတ အသက် ၃၈ နှစ်ရှိ ဗိုလ်မှူးကြီး အက်ဆီမီဂွိုက်တာက မေ ၂၄ ရက် ဖမ်းဆီးမှုများကို လုပ်ဆောင် ခဲ့ပြီးနောက် စစ်အစိုးရ ခန့်အပ်ထားသော ဩဇာတိက္ကမရှိသည့် ဝန်ကြီးနှစ်ဦးကို ဖယ်ထုတ်လိုက်သည့် အစိုးရပြန်လည် ဖွဲ့စည်းမှုအပေါ် ပြစ်တင်ပြောကြားခဲ့သည်။

အစိုးရ ပြန်လည်ဖွဲ့စည်းသည့် ကြိုးစားမှုကို နိုင်ငံတကာ အသိုင်းအဝိုင်းများ၊ အရပ်သား အတိုက်အခံများနှင့် မာလီစစ်တပ်တို့ သဘောတူခဲ့သည့် အကူးအပြောင်း သဘောတူညီမှုကို မလိုတမာ ဖျက်လိုဖျက်ဆီး လုပ်ဆောင်သည့် ကြိုးစားမှုအဖြစ် ဒုတိယသမ္မတက ဖော်ပြခဲ့သည်။

စစ်အစိုးရသည် မာလီနိုင်ငံရေးကို လွန်ခဲ့သော ဆယ်စုနှစ်ကျော်ကပင် လွှမ်းမိုးမှု ရှိလာခဲ့သည်။ ယင်းက ဂျီဟတ် သောင်းကျန်းနေချိန်တွင် အနောက်အာဖရိက နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးအခြေအနေကို ဝရုန်းသုန်းကားဖြစ်အောင် မီးလောင်ရာ လေပင့်လိုက်သလိုဖြစ်သည်။

မေ ၂၆ ရက်က ဒုတိယ သမ္မတ၏ လက်ထောက် တပ်မမှူး ဘာဘာစစ်စီက သမ္မတနှင့် ဝန်ကြီးချုပ်တို့ နုတ်ထွက် သွားကြောင်း၊ လွတ်မြောက်မှုနှင့် အစိုးရသစ်ဖွဲ့စည်းရေးနှင့် ပတ်သက်ပြီး ညှိနှိုင်း ဆွေးနွေးမှုများကို ဆက်လက် လုပ်ဆောင်လျက်ရှိကြောင်း ပြောသည်။

**ဆင်ဟွာ၊ သည်ဂါးဒီယန်း**



မာလီဒုတိယသမ္မတ၏ လက်ထောက်တပ်မမှူး ဘာဘာစစ်စီ မီဒီယာသို့ ရှင်းလင်းပြောကြားနေစဉ်။

## ဆီးရီးယား သမ္မတအာဆတ် ပြန်လည်ရွေးကောက်ခံရ

**ဒမတ်စကတ် မေ ၂၈**

ဆီးရီးယားသမ္မတ ဘတ်ရှာအယ်အာဆတ်သည် လေးကြိမ်မြောက် သမ္မတ သက်တမ်းအတွက် ပြန်လည်ရွေးကောက်ခံရသည်ဟု သိရသည်။ အဆိုပါ ရွေးကောက်ပွဲကို အစိုးရထိန်းချုပ်ထားသည့် နယ်မြေတွင် မေ ၂၇ ရက် ကျင်းပခဲ့ခြင်းဖြစ်သည်။

ပြည်တွင်းစစ်မှာမူ ဆက်လက်ဖြစ်ပွားနေဆဲ ဖြစ်သည်။ အာဆတ်သည် ပြီးခဲ့သည့် ၂၁နှစ်တာကာလလုံး သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မဲရေအတွက် ၉၅ ဒသမ ၁ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်ဟု ဆီးရီးယားနိုင်ငံပိုင် မီဒီယာတွင် ဖော်ပြသည်။

ထိုစဉ် အနောက်မြောက်ပိုင်း အီဒလစ်ပြည်နယ်တွင်မူ အာဆတ် ရာထူးမှ နုတ်ထွက်ပေးရေးအတွက် အတိုက်အခံတပ်ဖွဲ့များက တောင်းဆိုလျက်ရှိသည်။ အီဒလစ်ပြည်နယ်သည် အစိုးရဆန့်ကျင်ရေး တပ်ဖွဲ့များ နောက်ဆုံးခြေကုပ်ယူထားရာ နေရာလည်းဖြစ်သည်။ အာဆတ် ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သည့်အတွက် လက်ရှိအခြေအနေများကို ပိုမိုအခက်အခဲဖြစ်စေနိုင်သည်ဟု လေ့လာသူများက ပြောသည်။

**အင်န်အိတ်ချ်ကေ**



ဆီးရီးယား သမ္မတဘတ်ရှာအယ်အာဆတ်။

## အတိုက်အခံသတင်းစာဆရာကို ဖမ်းဆီးခြင်းအတွက် ဘီလာရုစ်ကို ဂျီ -၇ နှင့်အီးယူက ရှုတ်ချ

**မင့်စ် မေ ၂၈**

ဂျီ -၇ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးရာ အကြီးအကဲများနှင့် ဥရောပသမဂ္ဂ(အီးယူ)တို့မှ အကြီးအကဲတို့သည် ဘီလာရုစ်အာဏာပိုင်များက ခရီးသည်တင်လေယာဉ်ကို အတင်းအကျပ် ဆင်းသက်ခိုင်းပြီး ဘီလာရုစ် အတိုက်အခံသတင်းစာဆရာကို ဖမ်းဆီးခဲ့ခြင်းအတွက် ရှုတ်ချကြောင်း ကြေညာခဲ့ကြသည်။

အတိုက်အခံသတင်းစာဆရာ ရာမန် ပရိုတက်ရှဗစ် ဖမ်းဆီးထိန်းသိမ်းခံရခြင်း အတွက် ပြန်လည် တုံ့ပြန်သည့်အနေဖြင့် မေ ၂၇ ရက်တွင် ယင်းကဲ့သို့ ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။ ၎င်းသတင်းစာဆရာ လိုက်ပါလာသည့် လေယာဉ်ကို ဘီလာရုစ်နိုင်ငံ မင့်စ်မြို့တွင် အတင်းအကျပ် ဆင်းသက်ခိုင်းပြီး ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။ အဆိုပါ လေယာဉ်မှ ဘီလာရုစ်နိုင်ငံ လေပိုင်နက်အတွင်း ပျံသန်းစဉ် ဆင်းသက်ခိုင်း ခံခဲ့ရခြင်းဖြစ်သည်။

အဆိုပါ လုပ်ရပ်မှာ ဘီလာရုစ် အာဏာပိုင်များ၏ လက်မခံနိုင်ဖွယ်လုပ်ရပ်ဟုလည်း ထုတ်ပြန်ကြေညာခဲ့သည်။ ထို့ပြင် မီဒီယာလွတ်လပ်ခွင့်ကိုလည်း တိုက်ခိုက်ရာရောက်သည်ဟု ထုတ်ပြန်ခဲ့ကြသည်။ ဘီလာရုစ်အာဏာပိုင်များအနေဖြင့် အဆိုပါ သတင်းစာဆရာ အပါအဝင် အခြားသတင်းစာဆရာများနှင့် နိုင်ငံရေး အကျဉ်းသားများကို ပြန်လွှတ်ပေးစေရေး အတွက်လည်း တောင်းဆိုခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**

# ထိုင်းနိုင်ငံတွင် တရုတ်နိုင်ငံထုတ် ဆီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေးကို အရေးပေါ်အသုံးပြုခွင့်ပေး

**ဘန်ကောက် မေ ၂၈**

ထိုင်းနိုင်ငံတွင် တရုတ်နိုင်ငံထုတ် ဆီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေးကို အရေးပေါ်အသုံးပြုခွင့်ပေးလိုက်ပြီဖြစ်ကြောင်း မေ ၂၈ ရက်က ထိုင်းနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန အက်ဖ်ဒီအေ က ကြေညာချက်ထုတ်ပြန်လိုက်သည်။

ယခုကိုဗစ်-၁၉ ကာကွယ်ဆေးကို ငါးခုမြောက် အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်က အတည်ပြုခဲ့သော ကိုဗစ်-၁၉ ကာကွယ်ဆေးများမှာ အက်စ်ထရာဇနီကာ၊ ဆီနိုဗက်၊ ဂျွန်ဆင်အင်န် ဂျွန်ဆင်နှင့် မော်ဒါနာတို့ဖြစ်ကြောင်း အက်ဖ်ဒီအေ အတွင်းရေးမှူးချုပ် ပိုင်ဆန်ဒန်ကန်က သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

အက်ဖ်ဒီအေသည် နောက်ထပ် ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်မျိုး၏ လျှောက်လွှာများကိုလည်း သုံးသပ်စစ်ဆေးနေကြောင်းနှင့် အဆိုပါ ကိုဗစ်-၁၉ ကာကွယ်ဆေးများမှာ အိန္ဒိယ၏ ကိုဗက်ဆင်နှင့် ရုရှားထုတ် စပွတ်နစ်ဗီတို့ဖြစ်ကြောင်း ပိုင်ဆန်က ပြောသည်။

အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံ ဖြစ်သော ထိုင်းနိုင်ငံသည် ၎င်း၏အဆိုးရွားဆုံး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများကို တိုက်ဖျက်နေစဉ် ယခုလိုကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်ပြီး ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ အတည်ပြုလူနာ ၁၄၄၉၇၆ ဦး ရှိသည်။

ထိုင်းနိုင်ငံသည် ၎င်း၏လူဦးရေ သန်း ၇၀ ၏ ၇၀ ရာခိုင်နှုန်းကို ယခုနှစ်ကုန်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရန် မျှော်မှန်းထားကြောင်း သိရသည်။ ထို့အပြင် ဇွန်လတွင် အကြီးအကျယ် ကာကွယ်ဆေးထိုးလှုပ်ရှားမှုများကို စတင်မည်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ



တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုင်းနိုင်ငံ၌ အသုံးပြုနေသည်ကို တွေ့ရစဉ်။



တောင်အာဖရိကၡ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးသည့်စင်တာကို တွေ့ရစဉ်။

# ကိုဗစ် -၁၉ တတိယအကျော့ ကူးစက်မှုအတွက် တောင်အာဖရိကအစိုးရသတိပေး

**ကိတ်ပ်တောင်း မေ ၂၈**

တောင်အာဖရိက အစိုးရသည် ဖြစ်ပေါ်လာနိုင်ခြေရှိသည့် ကိုဗစ် -၉ တတိယအကျော့နှင့် ပတ်သက်၍ သတိပေးမှုများ မေ ၂၇ ရက်တွင် ထုတ်ပြန်ခဲ့ပြီး ပြည်သူများအနေဖြင့် လမ်းညွှန်ချက်များလိုက်နာရန်နှင့် ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန်လည်း သတိပေးခဲ့သည်။

အလယ်ပိုင်းပြည်နယ်များဖြစ်သည့် ဂေါက်တင်နှင့် အခြားပြည်နယ်တို့တွင် နောက်ထပ် ကိုဗစ် -၁၉ ကူးစက်မှုအကျော့ စတင်နေပြီဖြစ်ကြောင်း သမ္မတရုံး ခေတ္တဝန်ကြီး ခမ်ဘတ်ဇိုက ပြောသည်။ ဖြစ်အံ့ဆဲဆဲ ကိုဗစ်- ၁၉ တတိယအကျော့ကို ကာကွယ်နိုင်ရေးအတွက် ထပ်မံသတိပေးမှုများကို အစိုးရအဖွဲ့က ပြုလုပ်ခဲ့သည်။ မေ ၂၇ ရက်နံနက်ပိုင်း အထိ လူပေါင်း ၈၂၈၂၀၄ ဦးအား ပထမအကျော့ ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးပေးနိုင်ခဲ့ပြီး လူပေါင်း ၃၄၈၄၃၆ ဦးကိုမူ ဒုတိယအကျော့ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးနိုင်ခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ကာကွယ်ဆေးထိုးနိုင်ခွင့်ရှိသည့် အသက်အုပ်စုများအနေဖြင့် ကာကွယ်ဆေးထိုးကြရန် အစိုးရအဖွဲ့က တိုက်တွန်းထားသည်။ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးရေးစင်တာများတွင် ကာကွယ်ဆေးကို ခွဲဝေချထားပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ တောင်အာဖရိက တွင် ကိုဗစ် -၁၉ စုစုပေါင်းကူးစက်ခံရသူ ၁၆၄၉၉၇၇ ဦး ရှိပြီး မေ ၂၇ ရက်တွင် နောက်ထပ်ကူးစက်ခံရသူ ၄၄၂၄ ဦး ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ဆင်ဟွာ

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ရှစ်သိန်းနီးပါးရောက်ရှိလာပြီး သေဆုံးသူ ၁၂၅၁၁ ဦးရှိလာ

**ဒါကာ မေ ၂၈**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မေ ၂၈ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၃၅၈ ဦးရှိလာကြောင်း သတင်းဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၇၉၆၃၄၃ ဦး ရှိလာသည်။ ထို့အပြင် မေ ၂၈ ရက်က ၃၁ ဦးထပ်မံသေဆုံးမှုနှင့်အတူ နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ကပ်ရောဂါဖြင့်သေဆုံးသူ ၁၂၅၁၁ ဦး ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ဆောင်မှု ညွှန်ကြားရေးမှူးချုပ်ရုံးက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးမှုပေါင်း ၁၄၆၀၆ ခုကို ပြုလုပ်ခဲ့သည်။

ကိုဗစ်-၁၉ ကပ်ရောဂါမှ ပြန်လည် ကောင်းမွန်လာပြီးနောက် ဆေးရုံမှဆင်းသွားသူပေါင်း ၇၃၆၂၂ ဦး ရှိလာကာ ၎င်းတို့အနက် ၁၀၆၄ ဦးမှာ မေ ၂၈ ရက်က ပြန်လည်ကောင်းမွန်လာသူများဖြစ်သည်။

တရားဝင် ထုတ်ပြန်ထားသော သတင်းအချက်အလက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကိုဗစ်-၁၉ ကပ်ရောဂါဖြင့်သေဆုံးနှုန်းမှာ ၁ ဒသမ ၅၇ ရာခိုင်နှုန်းဖြစ်ပြီး ပြန်လည်ကောင်းမွန်လာနှုန်းမှာ ၉၂ ဒသမ ၄၅ ရာခိုင်နှုန်း ရှိသည်။

ဆင်ဟွာ



အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများအပြင် တခြားရောဂါများဖြစ်ပွားနေသူတစ်ဦးအား စမ်းသပ်စစ်ဆေးမှုများပြုလုပ်ရန် ဒါကာဆေးဘက်ဆိုင်ရာကောလိပ်ဆေးရုံသို့ ခေါ်ဆောင်လာသည်ကို တွေ့ရစဉ်။

# ဘရာဇီးနိုင်ငံတွင် ကိုဗစ် -၁၉ကြောင့် သေဆုံးသူ ၂၂၄၅ ဦး ကျော်ရှိ

**ရီယိုဒီဂျနေရိုး မေ ၂၈**

ဘရာဇီးနိုင်ငံတွင် မေ ၁၇ ရက်က ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၂၄၅ ဦး ထပ်တိုးလာရာ ကိုဗစ်- ၁၉ နှင့် ဆက်စပ်ပြီး သေဆုံးသူ အရေအတွက် ၄၅၆၆၇၄ ဦးအထိရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ နောက်ထပ်ကူးစက်ခံရသူ ၆၇၄၆၇ ဦး ထပ်မံတွေ့ရှိခဲ့ပြီး ကူးစက်ခံရသူပေါင်း ၁၆၃၄၂၁၆၂ ဦး ရှိလာသည်။

ဘရာဇီးနိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုဗစ်- ၁၉ ကြောင့် ဒုတိယသေဆုံးမှုနှုန်း အမြင့်ဆုံးနိုင်ငံလည်း ဖြစ်သည်။ ယခုနှစ် အစောပိုင်းမှစတင်ကာ ကိုဗစ် - ၁၉ နောက်ထပ်တစ်ကြိမ်နှင့် ရင်ဆိုင်ရပြီး ကူးစက်မှုနှင့် သေဆုံးမှုများ များပြားလာခဲ့ရသည်။ ဆေးရုံများတွင် ဝန်နှင့်အား မမျှနိုင်အောင် ဖြစ်ရပြီး ပြည်နယ်အများစုတွင် များပြားလာသည့် ကိုဗစ် - ၁၉ လူနာအားလုံးကို ကုသပေးနိုင်ရေး မလုံလောက်တော့ပေ။

ဘရာဇီးနိုင်ငံတွင် လူဦးရေ ၆၄ ဒသမ ၅သန်း ကျော် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးပြီဖြစ်ကာ လူဦးရေ ၂၁ ဒသမ ၃ သန်းမှာမူ နှစ်ကြိမ်ကာကွယ်ဆေးထိုးပြီးဖြစ်သည်။

ဆင်ဟွာ

# နီပေါတွင် အောက်ဆီဂျင်ပြတ်လပ်မှုကြောင့် ကိုဗစ်-၁၉ လူနာ ရှစ်ဦးသေ

**ခတ္တမန္ဒူ မေ ၂၈**

နီပေါအနောက်ပိုင်းမြို့တစ်မြို့ဖြစ်သည့် ဖိုခါရာမြို့တွင် အောက်ဆီဂျင်ပြတ်လပ်မှုကြောင့် ကိုဗစ်-၁၉ လူနာ ရှစ်ဦး သေဆုံးခဲ့ကြောင်း ဆေးရုံအရာရှိတစ်ဦးက မေ ၂၈ ရက်က ပြောကြားလိုက်သည်။

အောက်ဆီဂျင်ထောက်ပံ့မှု အချိန်မီမရရှိခဲ့သည့်အပြင် ရောဂါအခြေအနေပြင်းထန်သည့်အတွက် လူနာများ၏အသက်ဆုံးရှုံးခဲ့ရခြင်းဖြစ်ကြောင်း ဖိုခါရာမြို့အနောက်ပိုင်းဆေးရုံမှ အကြီးတန်းဆေးမှတ်တမ်းရေးသွင်းသူ အရာရှိတစ်ဦးက ပြောသည်။

အောက်ဆီဂျင်ပြတ်လပ်မှုသည် အသက်သေဆုံးစေသည့် အဓိကအကြောင်းပြချက်တစ်ခုဖြစ်ရုံမက ရောဂါပြင်းထန်ခြင်းသည်လည်း အကြောင်းပြချက်တစ်ခုဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# ကိုရိုနာဗိုင်းရပ်စ်ကို တားဆီးထိန်းချုပ်ရာမှာ ကျွမ်းကျင်သူတွေရဲ့ အကြံပြုချက်တွေကို လိုက်နာသွားမယ့် ဂျပန်

**ထွန်းကျော်**

ဂျပန်အစိုးရဟာ ဒီသီတင်းပတ်မှာ တိုကျိုနဲ့ တခြားနိုင်ငံ့အစိတ်အပိုင်းအတော်များများမှာ ချမှတ်ထားတဲ့ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ အရေးပေါ်အခြေအနေကာလကို သက်တမ်းတိုး၊ မတိုးနဲ့ပတ်သက်ပြီး ဆုံးဖြတ်ချက်ချသွားမှာဖြစ်ပါတယ်။



ဂျပန်နိုင်ငံတွင် သက်ကြီးရွယ်အိုတစ်ဦးကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနေစဉ်။

## စိတ်ပျက်ဖွယ်ကောင်းအောင် ဆက်လက်ကျန်ရှိ

တတိယအကြိမ် တိုကျိုနဲ့ အနောက်ပိုင်းခရိုင်သုံးခုမှာ ချမှတ်လိုက်တဲ့ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ အရေးပေါ်အခြေအနေကာလဟာ တစ်လကြာခဲ့ပါပြီ။ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ အရေးပေါ်အခြေအနေကို နောက်ပိုင်းမှာ ခရိုင်ကိုးခုအထိ ဖြန့်ကြက်လွှမ်းခြုံခဲ့ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ အရေးပေါ်ကြေညာချက် ထုတ်ပြန်ထားတာဟာ အခုဆိုရင် အိုကီနာဝါခရိုင်ကလွဲပြီးတော့ မေလကုန်မှာ အားလုံးပြီးဆုံးတော့မှာဖြစ်ပါတယ်။

သို့သော်လည်း နိုင်ငံတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှု အရေအတွက်ဟာ စိတ်ပျက်ဖွယ်ကောင်းအောင် ဆက်လက်ကျန်ရှိနေပါတယ်။

## စံချိန်တင်မြင့်တက်

ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကို ပြင်းထန်စွာခံစားနေရသူအရေအတွက်ဟာ မေ ၂၆ ရက်က စံချိန်တင်မြင့်တက်ခဲ့ပါတယ်လို့ ဖော်ပြခဲ့ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ပြင်းထန်စွာခံစားနေရသူ ၁၄၁၃ ဦးကို အထူးကြပ်မတ်ကုသဆောင်မှာ အသက်ရှူအထောက်အကူပြု ကိရိယာအကူအညီဖြင့် သို့မဟုတ် အသေအချာ ပြုစုစောင့်ရှောက်နေရပါတယ်။

## ကိုရိုနာဗိုင်းရပ်စ် အရေးပေါ်အခြေအနေကို ဖယ်ရှားဖို့ စောလွန်းသေး

ခရိုင်အစိုးရအများစုဟာ ကိုရိုနာဗိုင်းရပ်စ်အရေးပေါ်အခြေအနေကို ဖယ်ရှားဖို့ စောလွန်းသေးတယ်လို့ ပြောပါတယ်။ မေ ၂၆ ရက် အွန်လိုင်းအစည်းအဝေးမှာ တိုကျိုမြို့တော်ဝန်နဲ့ တခြားအနီးဝန်းကျင် ခရိုင်သုံးခုမှ မြို့တော်ဝန်တွေဟာ တိုကျိုအတွက် အရေးပေါ် အခြေအနေ ကြေညာချက်ကာလကို သက်တမ်းထပ်တိုးပေးဖို့ ဗဟိုအစိုးရကို တိုက်တွန်းခဲ့ကြပါတယ်။ ထို့အပြင် ကျန်ခရိုင်တွေအတွက်လည်း တင်းကျပ်ပြင်းထန်တဲ့ ဗိုင်းရပ်စ်ကာကွယ်ရေးဆောင်ရွက်ချက်တွေကို လိုက်နာထိန်းသိမ်းသွားရန် တိုက်တွန်းပြောကြားခဲ့ပါတယ်။

## အတူတကွလုပ်ဆောင်သင့်

အကယ်၍ အရေးပေါ်အခြေအနေကြေညာချက်နဲ့ တင်းကျပ်တဲ့ ဗိုင်းရပ်စ်ကာကွယ်ရေးဆောင်ရွက်ချက်တွေကို ဖြေလျှော့ပေးလိုက်ပါက နောက်တစ်ကြိမ် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုမြင့်တက်လာမယ့်အရေးကို စိုးရိမ်ပူပန်နေရပါတယ်လို့ တိုကျို မြို့တော်ဝန် ကိုအီကဲ ယူရီကိုက ပြောကြားလိုက်ပါတယ်။

တိုကျိုနဲ့ ခရိုင်သုံးခုတို့ဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကို ထိန်းသိမ်းရန် အတူတကွ လုပ်ဆောင်သင့်တယ်လို့လည်း သူက ပြောပါတယ်။

> **အကယ်၍ အရေးပေါ်အခြေအနေကြေညာချက်နဲ့ တင်းကျပ်တဲ့ ဗိုင်းရပ်စ်ကာကွယ်ရေးဆောင်ရွက်ချက်တွေကို ဖြေလျှော့ပေးလိုက်ပါက နောက်တစ်ကြိမ် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုမြင့်တက်လာမယ့်အရေးကို စိုးရိမ်ပူပန်နေရပါတယ်လို့ တိုကျို မြို့တော်ဝန် ကိုအီကဲ ယူရီကိုက ပြောကြား**

## အန္တရာယ်တွေကို သတိထားရမယ်

တိုကျိုအစိုးရက မြို့တော်တိုကျိုမှာ မေ ၂၆ ရက်က ကိုရိုနာဗိုင်းရပ်စ်ထပ်မံကူးစက်ဖြစ်ပွားသူ ၇၄၃ ဦးရှိတယ်လို့ ဖော်ပြခဲ့ပါတယ်။ ဒါဟာလွန်ခဲ့တဲ့တစ်ပတ်ကထက် ၂၃ ဦးပိုနည်းခဲ့တာဖြစ်ပြီး ၁၃ ရက်ဆက်တိုက် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှု ကျဆင်းခဲ့တာဖြစ်ပါတယ်။

ကျွမ်းကျင်သူတွေက တိုကျိုအစိုးရကို လတ်တလောချမှတ်ထားတဲ့ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ဆောင်ရွက်ချက်တွေကို သက်တမ်းထပ်တိုးရမှာဖြစ်ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်က စီးမျောလှုပ်ရှားနေတဲ့ လူဦးရေနဲ့ ပေါင်းစပ်လိုက်ပြီးနောက်ဖြစ်ပေါ်လာမယ့် အန္တရာယ်များကိုလည်း သတိထားရမှာဖြစ်တယ်လို့ အကြံပြုပြောကြားထားပါတယ်။

## မျိုးစိတ်သစ်ကို စိုးရိမ်ပူပန်မိ

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားနေတဲ့အချိန်မှာ အိန္ဒိယမျိုးစိတ်သစ်ကိုလည်း သတိထားရမှာဖြစ်ပါတယ်။ ကျွမ်းကျင်သူတွေက အိန္ဒိယမှာ ကူးစက်ဖြစ်ပွားနေတဲ့ ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်ကိုလည်း စိုးရိမ်ပူပန်မိကြောင်း ဖော်ပြထားပါတယ်။

အဲဒီ အိန္ဒိယကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်ဟာ ဂျပန်နိုင်ငံမှာ မေ ၂၄ ရက်အထိ လူပေါင်း ၂၉ ဦးကို ကူးစက်ခဲ့ပြီးပြီလို့ ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြလိုက်ပါတယ်။ အဲဒီမတိုင်မီ အစောပိုင်းခြောက်ရက်လောက်မှာ မျိုးစိတ်သစ်ကူးစက်ခံရသူဟာ ရှစ်ဦးသာရှိခဲ့ပါတယ်။

တိုကျို ဆေးဘက်ဆိုင်ရာနဲ့ သွားတက္ကသိုလ်ဟာ မေ ၆ ရက်မှ မေ ၂၄ ရက်အထိ အိန္ဒိယ ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ် ကူးစက်ခံရသူရှိ၊ မရှိ ၃၇ ဦးကို စမ်းသပ်ခဲ့ပါတယ်။ အဲဒီအထဲက တစ်ဦးကို တွေ့ရှိခဲ့ပြီး သူကတော့ နိုင်ငံခြားကို တစ်ခါမှ ခရီးမသွားဘူးလို့ ဆိုပါတယ်။

## အစုလိုက်ကနေ ကူးစက်မှုဖြစ်နိုင်

တွဲဖက်ပါမောက္ခ တာကီအူချီဟီရိုရာကီက အစုလိုက်ကူးစက်ဖြစ်ပွားမှုမှ အဆိုပါ ကိုဗစ်-၁၉ မျိုးစိတ်သစ်ကူးစက်ခံရခြင်းဖြစ်နိုင်ကြောင်း ပြောခဲ့ပါတယ်။

ကျိုတိုတက္ကသိုလ် ကူးစက်ရောဂါကျွမ်းကျင်သူ ပါမောက္ခ နီရှီအူရာ ဟီရိုရှီက တိုကျိုသည် ကိုဗစ်-၁၉ ကူးစက်မှု မြင့်တက်လာခြင်းကို ရှောင်ရှားခဲ့ကြောင်း၊ သို့သော်လည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားနှုန်းသည် အရေးပေါ်အခြေအနေ ကြေညာချက်အောက်သို့ မကျဆင်းခဲ့ကြောင်း ပြောပါတယ်။

## ထိန်းချုပ်ဖို့ ခက်ခဲနေ

အိန္ဒိယနိုင်ငံမှာ တွေ့ရှိခဲ့တဲ့ အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ် မျိုးစိတ်သစ်ရဲ့ ရိုက်ခတ်မှုကို ထည့်စဉ်းစားကြည့်ပါက လက်ရှိကိုရိုနာဗိုင်းရပ်စ် ကာကွယ်ရေးဆောင်ရွက်ချက်တွေက တကယ့်ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်ဖို့ ခက်လိမ့်မယ်လို့ သူက ပြောပါတယ်။

ယခု သီတင်းပတ်အဆုံး ဆုံးဖြတ်ချက်ချရာမှာ ဂျပန်ဝန်ကြီးချုပ် ဆူဂါယိုရှိဟိဒဲက ဂျပန်အစိုးရဟာ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ကျွမ်းကျင်သူတွေရဲ့ ထင်မြင်ယူဆချက်ကို နားထောင်သွားမှာဖြစ်ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှု အခြေအနေများကိုလည်း သုံးသပ်သွားမယ်လို့ ပြောပါတယ်။ **ကိုးကား-အင်န်အိတ်ချ်ကေ**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ထီးချိုင့်မြို့နယ်၊ ဝန်းသိုမြို့နယ်၊ ဗန်းမောက်မြို့နယ်၊ ပင်လည်ဘူးမြို့နယ်၊ ကသာမြို့နယ်နှင့် အင်းတော်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/သုံးစွဲ/လက်ကျန်မြေပြင်အခြေအနေများကို စစ်ဆေး

၂၀၂၁ ခုနှစ်၊ မေ လ ၂၈ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ထီးချိုင့်မြို့နယ်၊ ဝန်းသိုမြို့နယ်၊ ဗန်းမောက်မြို့နယ်၊ ပင်လည်ဘူးမြို့နယ်၊ ကသာမြို့နယ်နှင့် အင်းတော်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၈၀၇၉၂၈ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၆၂၉၈၃၅ ဦး ဖြစ်သည်။ မဲဆန္ဒရှင် စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၅၁၇၉၉ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၆၇၈၃ ဦး၊ ၂ ကြိမ်ပါဝင်နေသူများမှာ ၈၇၂၁၂ ဦးဖြစ်သည်။

၃။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | ကလေးမြို့နယ် | ၁၉၅ | ၂၈၅၄၀၉ | ၁၈၂၅၀၀ | ၂၁၅၇၉ | ၃၃၆၁ | ၃၆၉၈၀ |
| ၂ | ထီးချိုင့်မြို့နယ် | ၉၂ | ၉၅၇၆၈ | ၇၈၄၃၁ | ၇၄၄၄ | ၈၉၃ | ၁၁၂၅၈ |
| ၃ | ဝန်းသိုမြို့နယ် | ၅၃ | ၅၅၈၂၁ | ၄၀၀၉၅ | ၁၆၅၈ | ၁၈၉ | ၄၄၅၂ |
| ၄ | ဗန်းမောက်မြို့နယ် | ၁၁၁ | ၇၁၆၆၄ | ၅၇၄၅၂ | ၇၂၉ | ၃၃ | ၁၉၀၄ |
| ၅ | ပင်လည်ဘူးမြို့နယ် | ၁၂၈ | ၈၄၂၆၆ | ၆၆၁၄၃ | ၅၁၈၁ | ၇၈၃ | ၉၉၀၂ |
| ၆ | ကသာမြို့နယ် | ၁၁၀ | ၁၂၂၅၂၇ | ၁၁၁၅၅၅ | ၁၃၅၄၉ | ၁၁၇၀ | ၁၃၇၃၈ |
| ၇ | အင်းတော်မြို့နယ် | ၈၄ | ၉၂၄၇၃ | ၉၃၆၅၉ | ၁၆၅၉ | ၃၅၄ | ၈၉၇၈ |
| | စုစုပေါင်း | ၇၇၃ | ၈၀၇၉၂၈ | ၆၂၉၈၃၅ | ၅၁၇၉၉ | ၆၇၈၃ | ၈၇၂၁၂ |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ထီးချိုင့်မြို့နယ်၊ ဝန်းသိုမြို့နယ်၊ ဗန်းမောက်မြို့နယ်၊ ပင်လည်ဘူးမြို့နယ်၊ ကသာမြို့နယ်နှင့် အင်းတော်မြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာမြို့နယ်အလိုက် ယခင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။



ထီးချိုင့်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၇ မြို့နယ်တွင် မဲရုံပေါင်း ၇၇၃ ရုံ၊ စုစုပေါင်းထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၉၁၂၇၂၅ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၆၀၁၀၈၀၊ ကျန်ရှိရမည့်အရေအတွက်မှာ ၃၁၁၆၄၅၊ မြေပြင်လက်ကျန် ၃၀၄၁၅၃ ဖြစ်ကြောင်း တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၃၃၃၇၈ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၂၅၈၈၆ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ကလေးမြို့နယ် | ၁၉၅ | ၃၁၉၂၅၆ | ၁၉၆၄၇၈ | ၁၂၂၇၇၈ | ၁၂၃၅၈၄ | ၂၉၃၆ | ၃၇၄၂ |
| ၂ | ထီးချိုင့်မြို့နယ် | ၉၂ | ၁၀၅၇၂၄ | ၇၁၈၀၂ | ၃၃၉၂၂ | ၃၀၈၇၉ | ၇၉၁၅ | ၄၈၇၂ |
| ၃ | ဝန်းသိုမြို့နယ် | ၅၃ | ၆၃၆၄၈ | ၄၄၆၈၄ | ၁၈၉၆၄ | ၁၈၈၆၂ | ၁၃၆၀ | ၁၂၅၈ |
| ၄ | ဗန်းမောက်မြို့နယ် | ၁၁၁ | ၈၂၂၅၀ | ၅၉၈၈၁ | ၂၂၃၆၉ | ၂၁၉၃၂ | ၂၉၁၈ | ၂၄၈၁ |
| ၅ | ပင်လည်ဘူးမြို့နယ် | ၁၂၈ | ၉၈၅၅၂ | ၆၈၃၆၀ | ၃၀၁၉၂ | ၂၈၆၄၃ | ၂၉၆၉ | ၁၄၂၀ |
| ၆ | ကသာမြို့နယ် | ၁၁၀ | ၁၃၇၄၅၅ | ၈၉၂၄၁ | ၄၈၂၁၄ | ၄၆၁၀၇ | ၁၃၅၅၈ | ၁၁၄၅၁ |
| ၇ | အင်းတော်မြို့နယ် | ၈၄ | ၁၀၅၈၄၀ | ၇၀၆၃၄ | ၃၅၂၀၆ | ၃၄၁၄၆ | ၁၇၂၂ | ၆၆၂ |
| | စုစုပေါင်း | ၇၇၃ | ၉၁၂၇၂၅ | ၆၀၁၀၈၀ | ၃၁၁၆၄၅ | ၃၀၄၁၅၃ | ၃၃၃၇၈ | ၂၅၈၈၆ |

၆။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆ (က) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၁၇၈၀၉၃ ဦး ပိုမိုများပြားနေပါသည်။

၇။ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၅၁၇၉၉ ဦးရှိနေကြောင်း စိစစ်တွေ့ရှိပါသည်။ ထို့ပြင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ **"အခန်း(၆) မဲစာရင်းပြုစုခြင်း"** ပါ ပုဒ်မ ၁၅ (ဂ)တွင် **"မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်းမရှိစေရ"**ဟု ပြဋ္ဌာန်းထားသော်လည်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၆၇၈၃ ဦး၊ ၂ ကြိမ်ပါဝင်နေသူ ၈၇၂၁၂ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများ ကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

၈။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၅ (က) တွင် "မဲစာရင်း၏ စာမျက်နှာတိုင်းတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်မှတ်ရေးထိုး၍ အတည်ပြုထားသော သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ မဲစာရင်းနှစ်စုံကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက မဲဆန္ဒနယ်အလိုက် စုစည်းရမည်။" ဟု ပြဋ္ဌာန်းထားသော်လည်း ကလေးမြို့နယ်၊ ကျေးရွာအုပ်စု ၃၀ အုပ်စု၏ မဲဆန္ဒရှင်စာရင်း ပုံစံ(၁)များတွင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်မှတ်ရေးထိုးထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရသည်။

၉။ ထီးချိုင့်မြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ မဲရုံအမှတ်(၂)နှင့် ချွန်းတောင်ကျေးရွာအုပ်စု၊ မဲရုံအမှတ်(၂) တို့၏ မဲဆန္ဒရှင်စာရင်း ပုံစံ(၁)စာအုပ်များတွင် သက်ဆိုင်ရာ မဲဆန္ဒရှင်များ၏ လက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေ ရေးထိုးရိုက်နှိပ်ထားမှုမရှိခြင်း၊ အမှန်ခြစ် အမှတ်အသားများ ရေးမှတ်ထားခြင်းနှင့် မျဉ်းသားခြင်း သို့မဟုတ် ရောင်စုံရေးခြစ်ထားခြင်းတိုကို့ စိစစ်တွေ့ရှိရသည်။ ထီးချိုင့်မြို့နယ်၊ မဲဟင်းကျေးရွာအုပ်စု၊ မဲရုံအမှတ်(၃)၏ မဲလက်မှတ် ၁ အုပ်တွင် စောင်ရေအားလုံး အသုံးပြုပြီးဖြစ်သော်လည်း လက်ခံဖြတ်ပိုင်းများတွင် မဲဆန္ဒရှင်အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ မဲဆန္ဒရှင်လက်မှတ် စသည်တို့ကို တစ်စုံတစ်ရာ ရေးသားဖြည့်သွင်းထားခြင်းမရှိသဖြင့် မဲမသမာမှုပြုလုပ်ကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိရသည်။

၁၀။ ဗန်းမောက်မြို့နယ်၊ တုံးလှော်ကျေးရွာအုပ်စု၊ မဲရုံအမှတ်(၁)၏ မဲဆန္ဒရှင်စာရင်း ပုံစံ (၁)တွင် ကြို့တင်မဲပေးသူများကို မင်နီမသားဘဲ ထိုးမြဲလက်မှတ်အကွက်၌ "ကြိုတင်မဲ"ဟု မင်ပြာဖြင့် ရေးသားထားကြောင်း တွေ့ရှိရပြီး မဲရုံတွင် ဆန္ဒမဲပေးသူလက်မှတ်များ လုံးဝရေးထိုးထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရသည်။

စာမျက်နှာ ၁၆ သို့ ☆

❖ **သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၅(က)အရ မဲဆန္ဒရှင်စာရင်းပုံစံ(၁)၏ စာမျက်နှာတိုင်းတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူး လက်မှတ်ရေးထိုးရမည်ဖြစ်သော်လည်း ကသာမြို့နယ်အတွင်းရှိ မဲရုံအများစုတွင် လက်မှတ်ရေးထိုးထားမှုမရှိကြောင်း တွေ့ရှိရ**

❖ **အင်းတော်မြို့နယ်၊ နန့်သာကျေးရွာအုပ်စု၊ မဲရုံအမှတ်(၁)နှင့် ကျောင်းကုန်းကျေးရွာအုပ်စု၊ မဲရုံအမှတ်(၃)တို့၏ မဲဆန္ဒရှင်စာရင်းပုံစံ(၁) စာအုပ်များတွင် မဲဆန္ဒရှင်အမည်နေရာ၌ အမှန်ခြစ်အမှတ်အသားများ ပြုလုပ်ထားပြီး ဆန္ဒမဲပေးပြီးကြောင်း ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေ ရေးထိုးရိုက်နှိပ်ထားခြင်း လုံးဝမရှိကြောင်း စိစစ်တွေ့ရှိရ**

❖ **စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ထီးချိုင့်မြို့နယ်၊ ဝန်းသိုမြို့နယ်၊ ဗန်းမောက်မြို့နယ်၊ ပင်လည်ဘူးမြို့နယ်၊ ကသာမြို့နယ်နှင့် အင်းတော်မြို့နယ်တို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ ဆန္ဒမဲလက်မှတ်များ မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် မဲလက်မှတ် အပို/လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရ**



ကသာမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။



အင်းတော်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

☆ **စာမျက်နှာ ၁၅ မှ**

၁၁။ ကသာမြို့နယ်တွင် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်ဖွင့်ဖောက်စစ်ဆေးခဲ့ရာ အောက်ပါအတိုင်းစိစစ်တွေ့ရှိရသည်-

(က) ကသာမြို့နယ်၊ လမ်းခွကျေးရွာအုပ်စု မဲရုံအမှတ်(၁)တွင် အသုံးပြုပြီး လက်ခံဖြတ်ပိုင်းများ၌ မဲဆန္ဒရှင်အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာ အမည်၊ မဲဆန္ဒရှင်လက်မှတ် စသည့်အချက်အလက်များ ရေးသွင်းထားခြင်းမရှိကြောင်း တွေ့ရှိရသည်။

(ခ) ကသာမြို့နယ်၊ အထက်ဝဲကြီးကျေးရွာအုပ်စု မဲရုံအမှတ်(၁)နှင့် မဲရုံအမှတ်(၂)တို့၏ မဲဆန္ဒရှင်စာရင်း ပုံစံ(၁)စာအုပ်များ ပျောက်ဆုံးနေကြောင်း တွေ့ရှိရပါသည်။

(ဂ) ပိန္နဲကုန်းရပ်ကွက် မဲရုံအမှတ်(၁)၏ မဲဆန္ဒရှင်များစာရင်းပုံစံ(၁)တွင် ကြိုတင်မဲများကို "ကြိုတင်"ဟု စာဖြင့်မရေးဘဲ အမည်များကို မင်ပြာဖြင့်သာ ဝိုင်းထားခြင်းနှင့် လက်မှတ်ရေးထိုးထားစေခြင်းများကို တွေ့ရှိရပါသည်။

(ဃ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၅(က)အရ မဲဆန္ဒရှင်စာရင်းပုံစံ(၁)၏ စာမျက်နှာတိုင်းတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူး လက်မှတ်ရေးထိုးရမည်ဖြစ်သော်လည်း ကသာမြို့နယ်အတွင်းရှိ မဲရုံအများစုတွင် လက်မှတ်ရေးထိုးထားမှုမရှိကြောင်း တွေ့ရှိရသည်။ ထို့ပြင် မဲဆန္ဒရှင်စာရင်း ပုံစံ(၁)များ၌ ကြိုတင်ဆန္ဒမဲပေးသူနှင့် မဲရုံတွင် ဆန္ဒမဲပေးသူ ခွဲခြားရခက်ခဲစေသည့် မင်နီသားခြင်း၊ ရောင်စုံလိုင်းများသားခြင်း၊ မင်နက်၊ ခဲတံ စသည်တို့ဖြင့် အရောင်မျိုးစုံဝိုင်းခြင်းတို့ ပြုလုပ်ပြီး "ကြိုတင်မဲ"ဟု စာဖြင့် မရေးထားခြင်း စသည်ဖြင့် ရှုပ်ထွေးမှု၊ စနစ်မကျမှုများ တွေ့ရှိရသည်။

၁၂။ အင်းတော်မြို့နယ်၊ နန့်သာကျေးရွာအုပ်စု၊ မဲရုံအမှတ်(၁)နှင့် ကျောင်းကုန်းကျေးရွာအုပ်စု၊ မဲရုံအမှတ်(၃)တို့၏ မဲဆန္ဒရှင်စာရင်းပုံစံ(၁) စာအုပ်များတွင် မဲဆန္ဒရှင်အမည်နေရာ၌ အမှန်ခြစ် အမှတ်အသားများ ပြုလုပ်ထားပြီး ဆန္ဒမဲပေးပြီးကြောင်း ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေ ရေးထိုးရိုက်နှိပ်ထားခြင်း လုံးဝမရှိကြောင်း စိစစ်တွေ့ရှိရသည်။

၁၃။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ထီးချိုင့်မြို့နယ်၊ ဝန်းသိုမြို့နယ်၊ ဗန်းမောက်မြို့နယ်၊ ပင်လည်ဘူးမြို့နယ်၊ ကသာမြို့နယ်နှင့် အင်းတော်မြို့နယ်တို့၏ မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၆၀၅၁၉၀ ဦး ဖြစ်သော်လည်း ထုတ်ယူရရှိဆန္ဒမဲလက်မှတ်များအနက် မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၆၀၁၀၈၀ စောင်ဖြစ်သဖြင့် မဲပေးသူအရေအတွက်ထက် ၄၁၁၀ စောင် လျော့နည်းအသုံးပြုထားခြင်း၊

(ခ) ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှုနှင့် အသုံးပြုမှုများတွင် မဲလက်မှတ် ၃၃၃၇၈ စောင် ပျောက်ဆုံးနေခြင်း၊

(ဂ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ်အပို ၂၅၈၈၆ စောင် တွေ့ရှိရခြင်း၊

(ဃ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၅ (က)ပါအတိုင်း မဲဆန္ဒရှင်စာရင်း ပုံစံ(၁)၏ စာမျက်နှာတိုင်းတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်မှတ်ရေးထိုးထားမှုမရှိခြင်း၊

(င) မဲဆန္ဒရှင်စာရင်းပုံစံ(၁)တွင် ဆန္ဒမဲပေးသည့် မဲဆန္ဒရှင်၏ လက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေ ရေးထိုး/ရိုက်နှိပ်ထားခြင်းမရှိဘဲ အမှန်ခြစ်/ရောင်စုံ အမှတ်အသားများပြုလုပ်ခြင်းနှင့် မျဉ်းသားခြင်းတို့ကိုသာ ဆောင်ရွက်ခဲ့ခြင်း၊

(စ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၌ မဲဆန္ဒရှင်အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ မဲဆန္ဒရှင်လက်မှတ် စသည်တို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားခြင်း၊

(ဆ) ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအချို့အနေဖြင့် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီ အပ်နှံရန် ပျက်ကွက်သဖြင့် လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရခြင်း၊

(ဇ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင်ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါရှိဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ခြင်း၊

(ဈ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်း၊

(ည) COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များ ထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်း။

၁၄။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ထီးချိုင့်မြို့နယ်၊ ဝန်းသိုမြို့နယ်၊ ဗန်းမောက်မြို့နယ်၊ ပင်လည်ဘူးမြို့နယ်၊ ကသာမြို့နယ်နှင့် အင်းတော်မြို့နယ်တို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ ဆန္ဒမဲလက်မှတ်များ မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် မဲလက်မှတ် အပို/ လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## COVID– 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၇၂ ဦး တွေ့ရှိ

### (၂၈–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၇–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၂၃၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၇၂) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၁၇,၆၉၆) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၃,၄၈၆) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၂၇၉) ဦး ဆေးရုံမှ ဆင်းခွင့် ရရှိပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၂၈–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၃၃၉) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၂) ခု | – |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၈၃) ခု | (၂) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၁၄) ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂၄၈) ခု | (၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၁) ခု | (၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၉၃) ခု | (၄၉) ဦး |
| စုစုပေါင်း | (၁,၂၃၀) ခု | (၇၂) ဦး |

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

### ၂၈-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၉၉၉၆၈၀ | ၂၇၇၀၁၈၇၉ | ၆၀၇၇၂၆ |
| ၂။ | အိန္ဒိယ | ၂၇၅၅၅၄၅၇ | ၂၄၈၉၃၄၁၀ | ၃၁၈၈၉၅ |
| ၃။ | ဘရာဇီး | ၁၆၃၄၂၁၆၂ | ၁၄၇၈၆၂၉၂ | ၄၅၆၇၅၃ |
| ၄။ | ပြင်သစ် | ၅၆၃၅၆၂၉ | ၅၂၈၄၂၆၄ | ၁၀၉၁၆၅ |
| ၅။ | တူရကီ | ၅၂၂၀၅၄၉ | ၅၀၇၀၈၁၅ | ၄၆၉၇၀ |
| ၆။ | ရုရှား | ၅၀၄၄၄၅၉ | ၄၆၆၁၂၃၄ | ၁၂၀၄၀၆ |
| ၇။ | ဗြိတိန် | ၄၄၇၃၆၇၇ | ၄၃၁၀၅၇၂ | ၁၂၇၇၅၈ |
| ၈။ | အီတလီ | ၄၂၀၅၉၇၀ | ၃၈၂၆၉၈၄ | ၁၂၅၇၉၃ |
| ၉။ | ဂျာမနီ | ၃၆၇၃၉၆၉ | ၃၄၆၁၇၀၀ | ၈၈၆၈၉ |
| ၁၀။ | အာဂျင်တီးနား | ၃၆၆၃၂၁၅ | ၃၂၁၉၄၇၄ | ၇၆၁၃၅ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၈ – ၅ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၈၀၃၃၆၁ | ၁၆၅၄၅၅၇ | ၅၀၁၀၀ |
| ဖိလစ်ပိုင် | ၁၂၀၉၁၅၄ | ၁၁၃၄၈၁၈ | ၂၀၅၆၆ |
| မလေးရှား | ၅၄၉၅၁၄ | ၄၇၄၁၃၉ | ၂၅၅၂ |
| ထိုင်း | ၁၄၄၉၇၆ | ၉၇၈၇၂ | ၉၅၄ |
| မြန်မာ | ၁၄၃၄၈၆ | ၁၃၂၂၇၉ | ၃၂၁၆ |
| စင်ကာပူ | ၆၁၉၇၀ | ၆၁၃၇၂ | ၃၂ |
| ကမ္ဘောဒီးယား | ၂၈၂၃၇ | ၂၀၉၀၀ | ၁၉၆ |
| ဗီယက်နမ် | ၆၃၉၆ | ၂၈၉၆ | ၄၇ |
| လာအို | ၁၉၀၅ | ၁၂၈၁ | ၃ |
| ဘရူနိုင်း | ၂၄၁ | ၂၂၈ | ၃ |

### COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

နေပြည်တော် မေ ၂၈

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်) တွင် ဖွင့်လှစ်ထားရှိသော COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေး ရန်ပုံငွေ (COVID–19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ မေ ၂၄ ရက်မှ ၂၈ အရက်အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၀ ဒသမ ၁၀၀ သန်း ဖြစ်ပါသည်။ မေ ၂၈ ရက်အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်သည်။

**COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA–013733 စာရင်း**

| | ငွေကျပ် |
|---|---|
| ၂၄–၅–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၃၀,၈၀၇,၀၉၃,၆၁၅.၃၉ |
| (+) ၂၄–၅–၂၀၂၁ မှ ၂၈–၅–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၁၀၀,၀၀၀.၀၀ |
| **၂၈–၅–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်** | **၃၀,၈၀၇,၁၉၃,၆၁၅.၃၉** |

**COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၂၄–၅–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |
| (+) ၂၄–၅–၂၀၂၁ မှ ၂၈–၅–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | – |
| **၂၈–၅–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်** | **၁၇၈,၁၄၀,၁၄၉.၅၃** |

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ(COVID-19 Vaccination Fund) OA 013733 သို့
အများပြည်သူများမှ လှူဒါန်းငွေစာရင်း
(၂၄-၅-၂၀၂၁ ရက်နေ့မှ ၂၈-၅-၂၀၂၁ ရက်နေ့ထိ)

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၂၇-၅-၂၀၂၁ | ၁၀၀,၀၀၀ |
| ၁ | Daw Yan Mar Yar (ပြင်ဦးလွင်မြို့) | ၁၀၀,၀၀၀ |
| | | |
| | | |
| | (၂၄-၅-၂၀၂၁ ရက်နေ့မှ ၂၈-၅-၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း | ၁၀၀,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မေ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

မေ ၂၉ ရက်(စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေး ဂျာနယ်တွင် အင်္ဂလိပ်စကား အသုံးအနှုန်းဖြစ်သည့်




ရက်စ်နှင့် နိုး ဖြစ်ပေါ်လာပုံ ဒဏ္ဍာရီပုံပြင်အကြောင်းကို ရေးဖွဲ့ထားသည့် "တစ်ခါတုန်းက ရက်စ်နှင့်နိုး" မျက်နှာဖုံးကာတွန်း၊ ရှေးခေတ်မှ ယနေ့ခေတ်တိုင် လူသားတို့၏ တီထွင်ဖန်တီးနိုင်မှု စွမ်းရည်တိုးတက်လာပုံကို တင်ဆက်ထားသည့် " လူသားတို့၏ တီထွင်ဖန်တီးနိုင်မှု စွမ်းရည်" သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင်ရေးဆွဲထားသည့် ကာတွန်းလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ ဖခင်ကျားကြီး၏ ဆုံးမသွန်သင်မှုများကို လိုက်နာတော့မည်ဆိုသော ကျားပေါက်လေးအကြောင်းကို ရေးဖွဲ့ထားသည့် "ကျားပေါက်ပါဝင်သော အသိစိတ်" နှစ်မျက်နှာကာတွန်း၊ ကလေးအလုပ်သမား မဖြစ်ချင်ဘဲ မိဘနှင့်အတူ အေးအတူ ပူအမျှ နေထိုင်သွားနိုင်သည့် ကလေးတစ်ယောက်သာ ဖြစ်ချင်သော ပြည့်ပြည့်အကြောင်းကို တင်ဆက်ထားသည့် "ကလေးဘဝ အတွေးတစ်မျှင်" ဝတ္ထုကဏ္ဍ၊ ရွှေသွေး မောင်မယ်တို့အနေဖြင့် ကျောင်းတက်ပညာသင်ကြားချိန်တွင် ကျောင်းမှန်မှန်တက်ကာ ပညာသင်ကြားရမည်ဖြစ်ကြောင်းကို ရေးဖွဲ့ထားသည့် "ကျောင်းသွားမယ်" ကဗျာအပါအဝင် ဉာဏ်စမ်းကဏ္ဍနှင့် အင်္ဂလိပ်စာ စကားဝိုင်းကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အင်းတော်မြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်

**အင်းတော် မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ကျေးလက်ဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအရ ပေးအပ်သော ရန်ပုံငွေကျပ်သိန်း၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၇၆၀၀၀၀ ဖြင့် အင်းတော်မြို့နယ် စီးမော်အုပ်စု မကျည်းကုန်းကျေးရွာတွင် ကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို အင်းတော်မြို့နယ် ကျေးလက်ဦးစီးဌာနမှ ခေတ္တမြို့နယ်ဦးစီးမှူးနှင့် အဖွဲ့သည် သတ်မှတ်အရည်အသွေး၊ အတိုင်းအတာများ၊ စံချိန်စံညွှန်းပြည့်မီမှု ရှိ/မရှိတို့ကို ကွင်းဆင်းကြီးကြပ်၍ ကျေးရွာကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ လုပ်ငန်းကို မေလ စတုတ္ထပတ်တွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လုပ်ငန်း၏ ၉၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးခဲ့ပြီး လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးပါက ကျေးလက်နေပြည်သူများ ကျေးရွာအတွင်း သွားလာရေး ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**လူအောင်(ကသာ)**






**အမြို့မြို့အနယ်နယ်**
**ပျံ့နှံ့သည့် သတင်းစာ**
**မြန်မာ့အလင်း**
**သတင်းစာတွင်**
**ကြော်ငြာပါ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈ - ၅- ၂၀၂၁

| ရွှေ | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၈၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၁၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၈၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၇၁၀၀ |

စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၃၅ | ကျပ် | ၁၀၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၁၅ | ကျပ် | ၁၀၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀ | ကျပ် | ၁၁၅၅ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၁၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၄၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၈၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉.၅၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၉၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၄၀ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၁၄၆၃ | ၁၃၁၆၇၀၀၀ |
| MTSH | ၃၅၀၀ | ၃၄၅၀ | ၈၉၇၇ | ၃၁၃၆၉၅၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၁၁၅ | ၃၂၂၀၀၀ |
| EFR | ၂၉၀၀ | ၃၀၅၀ | ၂၀၁ | ၅၈၃၀၅၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - | ဝင်းကျော် |
| **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းများ** | - | ကြည်ဝင်း၊ သိမ့်သိမ့်မိုး |
| **ဘာသာပြန် စာတည်း** | - | ခြူးစန္ဒီရွှေ၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| **အငယ်တန်း သတင်းထောက်များ** | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| **ဓာတ်ပုံ သတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-**စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးလက်လမ်းနှင့် တံတားများ အဆင့်မြှင့်တင် ဖောက်လုပ်ခြင်းဖြင့် ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးစေမည်

**ချမ်းမြေ့မောင်**

ပဲခူးတိုင်းဒေသကြီးအတွင်း၌ ကျေးရွာ စုစုပေါင်း ၆၁၂၉ ရွာ ရှိသည့်အနက် ကျေးရွာ ၃၃၆၇ ရွာသည် ရာသီမရွေးသွားလာနိုင်ပြီး ကျေးရွာ ၂၇၆၂ ရွာသည် ခြောက်သွေ့ရာသီမှသာ သွားလာနိုင်သော အခြေအနေဖြစ်သည်။ ထိုအခြေအနေကို ကျော်လွှန်၍ ရာသီမရွေး သွားလာနိုင်သည့် ကျေးလက်လမ်းများဖြစ်စေရန် ပဲခူးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။



ပြည်ခရိုင် သဲကုန်းမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သည့် မှော်ဇာ-မုဋ္ဌော-ကန်နား-ဖြပေါ်-ဘေကြီး-ဆင်ဗိုလ်-မင်းတပ်-တောင်ခွေးရဲ-ဆင်မှီးဆွဲ ကျေးလက်ကတ္တရာလမ်း။

ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ သာယာဝတီခရိုင်၊ ပြည်ခရိုင် စုစုပေါင်း ခရိုင်လေးခု၊ မြို့နယ် ၂၈ မြို့နယ်ဖြင့် ဖွဲ့စည်းထားသော ပဲခူးတိုင်းဒေသကြီးအတွင်း နေထိုင်ကြသော ကျေးလက်နေပြည်သူ ၃၇၀၀၀၀၀ ကျော်အတွက် မြေသားလမ်းသာရှိသော အခြေအနေမှ ရာသီမရွေး သွားလာနိုင်သည့် ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း၊ ကျောက်ချောလမ်း၊ အမာခံလမ်းများအဖြစ်လည်းကောင်း၊ ဒေသဆောက် ဝါးတံတား၊ သစ်သားတံတားများမှ သဘာဝဘေးဒဏ်ခံနိုင်သော သံကူကွန်ကရစ်တံတားများအဖြစ် လည်းကောင်း တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက အဆင့်မြှင့်တင်ဖောက်လုပ်ပေးလျက်ရှိသည်။

**အဆင့်မြှင့်တင် ဆောင်ရွက်နေ**

ကျေးလက်နှင့် မြို့ပြ လူနေမှုဘဝ ကွာဟမှုနည်းပြီး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်လမ်းများကို အဆင့်မြှင့်တင်ရာတွင် ပဲခူးတိုင်းဒေသကြီးအတွင်း ကွန်ကရစ်လမ်း (၁၇၆/၅ ဒသမ ၁၅)မိုင်၊ ကတ္တရာလမ်း (၁၅၉/၁ ဒသမ ၈၄)မိုင်၊ ကျောက်လမ်း (၆၃၄/၆ ဒသမ ၃၆)မိုင်၊ အမာခံလမ်း (၁၂၆၆/၃ ဒသမ ၅၁)မိုင်၊ မြေသားလမ်း(၁၉၄၇/၁ ဒသမ ၄၅)မိုင်၊ ကျေးလက်လမ်းမိုင် စုစုပေါင်း (၄၁၈၄/၂ ဒသမ ၃၁)မိုင်ကို ပဲခူးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ယခုအခါ အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနသည် ဌာန စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ ကွန်ကရစ်လမ်း (၁၄၆/၃ ဒသမ ၃) မိုင်၊ ကတ္တရာလမ်း (၄၁/၀ ဒသမ ၈) မိုင်၊ ကျောက်ချောလမ်း(၁၉၇/၇ ဒသမ ၂)မိုင်၊ ဂဝံ/ဂျင်းလမ်း (၅၀၃/၅ ဒသမ ၃)မိုင်၊ မြေသားလမ်း (၁၂၇/၅ ဒသမ ၃)မိုင်၊ စုစုပေါင်း လမ်းမိုင်(၁၀၁၆/၅ ဒသမ ၉) မိုင်ကို ကျေးလက်နေပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

"လာမည့် ၂၀၃၀ ပြည့်နှစ်တွင် ကျေးရွာများအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် ကျေးလက်နေ လူဦးရေ၏ ၉၀ ရာခိုင်နှုန်း ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းများအဖြစ် နှစ်စဉ် အဆင့်မြှင့်တင် ဆောင်ရွက်ရေးသည်လည်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ပြည်သူ့အတွက် ဆောင်ရွက်ပေးရမည့် ရည်မှန်းချက်တစ်ခုအဖြစ် ပါဝင်လျက်ရှိသည်။ ထိုရည်မှန်းချက်များကို ပါဝင် အကောင်အထည်ဖော် ဆောင်ရွက်ပေးမည့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကို ဆောက်လုပ်ရေးဝန်ကြီးဌာန လက်အောက်တွင် ၂၀၁၇ ခုနှစ် ဇူလိုင် ၂၁ ရက်က စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်"

**ကျေးလက်တံတားများ**

ထို့အတူ ကျေးလက်တံတားများ အနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း ကွန်ကရစ်တံတား ၂၂၃ စင်း၊ သစ်သားတံတား ၁၅ စင်း၊ ကြိုးတံတား/ဘေလီတံတား တစ်စင်း၊ ရေကျော် ၃၄ စင်း၊ Box Culvert အစင်း ၁၂၀၊ စုစုပေါင်း ၃၉၃ စင်းကို အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းတွင် အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိသော မင်းလှမြို့နယ် တောင်ကြို့ကုန်း-သနာပိုလမ်း(၁၄/၀ ဒသမ ၁၁)မိုင်၊ ရွှေနတ်တောင်-ညောင်စာရေး-ကွေ့မလမ်း(၂၅/၄)မိုင်၊ ဝါးတောသာ-ကြိုးကြာကန်-ကညမ်း-ဆိတ်ကြီး-ကျွဲတလင်း-ဖောင်းဖြူလမ်း(၂၀/၂)မိုင် တို့သည် ကျေးရွာပေါင်း ၃၁၀၊ အိမ်ခြေ ၂၆၆၁၃၊ လူဦးရေ ၁၁၉၄၇၉ တို့အတွက် အကျိုးပြုလျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းတွင် ဆောင်ရွက်ပေးလျက်ရှိသည့် ကဝမြို့နယ် ကဝ-ရှမ်းကန်-ဇင်းဘု-သခွတ်ကန်လမ်း (၆/၆ ဒသမ ၅)မိုင်၊ ဖြူးမြို့နယ် ကညွတ်ကွင်း- မိဿလင်လမ်း (၁၂/၆) မိုင်တို့သည်လည်း ကျေးရွာ ၂၂ ရွာ၊ အိမ်ခြေ ၄၄၅၈၊ လူဦးရေ ၁၉၂၁၅ ယောက်တို့အား အကျိုးပြုလျက်ရှိသည်။

**ရွှေကျင်ဒေသမှ လမ်းလုပ်ငန်းများ**

ထို့အပြင် ရွှေကျင်ဒေသတွင်လည်း မူလက ရွှေကျင်မြို့အရှေ့ဘက်မှ ရွှေကျင်ချောင်းဖြတ်၍ တနေးဖားရွာ ရေဆိပ်မှ မူဆဲခို တောင်ပေါ်လမ်းအတိုင်း ၆ မိုင်နီးပါး တောင်တက်လမ်းကို ဖြတ်ကျော်ပြီးမှသာ ကျိုက်ထီးရိုးလေးဘုရားသို့ ဖူးမြော်ရောက်ရှိနိုင်ခဲ့သည့် အခြေအနေဖြစ်သည်။

ထိုအခြေအနေကို ကျော်လွှန်စေရန် အတွက် တိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေး ဦးစီးဌာနသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ရွှေကျင်မြို့မှ အရှေ့ဘက် ရွှေကျင်ချောင်းအထိ (၆/၀)မိုင် အရှည် မြေသားလမ်းကို ဖို့မြေဖြတ်မြေလုပ်ငန်းဆောင်ရွက်ပြီး ကွန်ကရစ်လမ်း (၁/၁)မိုင်ခင်းခြင်း စတင်ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် မကြာမီကာလများတွင် ဒေသခံတိုင်းရင်းသား ကျေးရွာများနှင့် ခရီးသွားပြည်သူများ လွယ်ကူ အဆင်ပြေစွာ သွားလာနိုင်ကြမည်ဖြစ်သည်။

ရွှေကျင်မြို့နယ်သည် စစ်တောင်းမြစ်၊ ရွှေကျင်ချောင်း၊ ကျောက်ကြီးချောင်း၊ မဒမချောင်းတို့ဖြင့် ပိုင်းခြားထားသောဒေသဖြစ်၍ မြစ်ချောင်းများကြောင့် ပြည်သူများ ဆက်သွယ်သွားလာရေး အဟန့်အတားမဖြစ်စေဘဲ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်စေရန်အတွက် ရွှေကျင်မြို့၏ မြောက်ဘက်ခြမ်းတွင် ကျောက်ကြီးချောင်း ဖြတ်ကူးတံတား နှစ်စင်း တည်ဆောက်ပေးသွားမည်ဖြစ်သည်။

ပထမတစ်စင်းဖြစ်သည့် ကျောက်တန်း-ညောင်အိုင် ကွန်ကရစ်တံတား အရှည် ပေ ၄၄၀ တည်ဆောက်ခြင်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အပြီး တည်ဆောက်သွားမည်ဖြစ်သည်။

ဒုတိယတစ်စင်းမှာ မအူပင်-လက်ကောက်ဝ ကွန်ကရစ်တံတား အရှည် ပေ ၃၀၀ ဖြစ်ပြီး ၂၀၂၀-၂၀၂၁ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့၍ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် အပြီး တည်ဆောက်သွားမည်ဖြစ်သည်။

ထို့အတူ ရွှေကျင်မြို့၏ တောင်ဘက်အခြမ်းတွင်လည်း မဒမချောင်းဖြတ် ဝင်းခနိမ်-ဝဲကြီး ကွန်ကရစ်တံတား အရှည်ပေ ၉၉၀ ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် အပြီး တည်ဆောက်သွားမည်ဖြစ်သည်။

အဆိုပါတံတားများ တည်ဆောက်ပြီးစီးသွားမည်ဆိုပါက ရွှေကျင် ဒေသခံများ၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ များစွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ *စာမျက်နှာ ၂၁ သို့*



ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သည့် သနပ်ပင်-မင်းရွာ-ကျောင်းစု တံတား။

## ရွှေဘိုရှိ အခြေခံပညာကျောင်း ၁၇၇ ကျောင်းတွင် ကျောင်းအပ်သည့် ကျောင်းသား ၄၀၀၀ ကျော်ရှိ

**ရွှေဘို မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ အခြေခံပညာကျောင်းများ ကျောင်းအပ်လက်ခံခြင်းကို မေ ၂၄ ရက် နံနက် ၉ နာရီမှစ၍ မြို့ပေါ်နှင့် မြို့နယ်အတွင်းရှိ ကျောင်းများအလိုက် အခမဲ့ စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

ရွှေဘိုမြို့နယ်အတွင်း အခြေခံပညာကျောင်း ၁၇၇ ကျောင်းတွင် ယနေ့အထိ ကျောင်းအပ်သည့် ကျောင်းသား ၄၀၀၀ ကျော်ရှိကြောင်း သိရသည်။

**စိုးသီဟ (ရွှေဘို)**

## ဗန်းမောက်မြို့ပေါ်ရှိ ကျောင်းနှစ်ကျောင်းတွင် ကျောင်းသား ကျောင်းသူ ၄၀၀ ကျော် ကျောင်းအပ်နှံ

**ဗန်းမောက် မေ ၂၈**

၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် မေ ၂၄ ရက်မှစ၍ သက်ဆိုင်ရာ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်လက်ခံနေပြီဖြစ်ရာ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့ပေါ်မှ ကျောင်းများဖြစ်သော အခြေခံပညာ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းတို့တွင် မေ ၂၄ ရက်မှ ၂၇ ရက်အတွင်း လာရောက်ကျောင်းအပ်သည့် ကျောင်းသား ကျောင်းသူ ၄၀၀ ကျော်အထိရှိကြောင်း သိရသည်။

မြို့မအလယ်တန်းကျောင်းတွင် မေ ၂၄ ရက်က ကျောင်းအပ်နှံသူ ၄၅ ယောက်၊ ၂၆ ရက်တွင် အယောက် ၇၀ နှင့် ၂၇ ရက်တွင် ၇၅ ယောက်ရှိပြီး အထက်တန်းကျောင်းတွင် မေ ၂၄ ရက်က ၇၅ ယောက်၊ ၂၆ ရက်တွင် ၈၅ ယောက်နှင့် ၂၇ ရက်တွင် အယောက် ၉၀ လာရောက်အပ်နှံခဲ့သည်။

ဗန်းမောက်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ အခြေခံပညာကျောင်းများတွင်လည်း ကျောင်းအပ်နှံနေကြပြီဖြစ်ပြီး အချို့ကျေးရွာစာသင်ကျောင်းများတွင် ကျောင်းသားကျောင်းသူအားလုံး လာရောက်အပ်နှံကြကာ ကျောင်းလုံခြုံရေးအတွက် ဆရာတော် သံဃာတော်များနှင့် ရပ်ရွာအုပ်ချုပ်ရေး တာဝန်ရှိသူများက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဗန်းမောက်မြို့နယ်တစ်ခုလုံး၌ အခြေခံပညာ အထက်တန်းကျောင်း ကိုးကျောင်း၊ အထက(ခွဲ) ၁၂ ကျောင်း၊ အလယ်တန်းကျောင်း ၂၃ ကျောင်း၊ အလက(ခွဲ) ၂၈ ကျောင်း၊ မူလတန်းလွန် ၄၄ ကျောင်း၊ မူလတန်းကျောင်း ၇၂ ကျောင်း၊ အမက(ခွဲ) ကိုးကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း နှစ်ကျောင်းရှိပြီး ဆရာ ဆရာမပေါင်း ၁၅၂၀ ရှိကြောင်း သိရသည်။

**လှိုင်ဘွား(ဗန်းမောက်)**

## မိုးနဲမြို့၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**မိုးနဲ မေ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်တွင် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို အခြေခံပညာအထက်တန်းကျောင်း ပုလဲဆောင်ခန်းမ၌ မေ ၂၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာသင်ယူခွင့် ရရှိစေရေး၊ ကျောင်းနေနှုန်း မြင့်မားလာစေရေး၊ အခမဲ့ပညာရေးစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်နိုင်ရေးနှင့် ကျောင်းတက်ရမည့်ကလေးများ ကျောင်းသို့ ရောက်ရှိစေရေးအတွက် အားလုံး ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်မှ ပံ့ပိုးပေးအပ်သော ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံနှင့် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများဖြစ်သော နှာခေါင်းစည်း၊ မျက်နှာအကာများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကျောင်းအလိုက် ကျောင်းအုပ်ကြီးများထံ ပေးအပ်ခဲ့ကြသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ အစည်းအဝေး ကျိုင်းတုံမြို့၌ ကျင်းပ

**ကျိုင်းတုံ မေ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင်အဆင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ၏ အစည်းအဝေးကို မေ ၂၇ ရက်က ကျိုင်းတုံမြို့ရှိ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမင်းသိန်းက ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အဓိက အခွင့်အရေးများနှင့် တာဝန်များကို ဆက်စပ်နှီးနွယ်သည့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ သာမက စေတနာရှင်ပြည်သူလူထုနှင့် ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် အမှာစကားပြောကြားပြီး ခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှူး ဒေါ်ခင်ခင်မြင့်က ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေး၊ ဖွံ့ဖြိုးရေး၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် ခရိုင်အဆင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ ကလေးသူငယ်များအားလုံး အနာဂတ်တွင် နိုင်ငံ့သားကောင်း သမီးကောင်းများဖြစ်လာရေးနှင့် ကလေးသူငယ်အခွင့်အရေးများ ပိုမိုမြှင့်တင် ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ဥပဒေနှင့် မူဝါဒစသည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

**အောင်ဇင်မြင့်**



*စာမျက်နှာ ၂၀ မှ*

ကျေးလက် လမ်းတံတားများ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးလက်လမ်းများ၊ တံတားများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ထုတ်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ ကျေးလက်လမ်းကို အသုံးပြုပြီး အမြန်ဆုံးရောက်ရှိရေး၊ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် ကိစ္စများအတွက် ကျေးလက်လမ်းကွန်ရက်များ အသုံးပြုပြီး အမြန်ဆုံး ဆက်သွယ်သွားလာနိုင်ရေး၊ အမျိုးသားပို့ဆောင်ရေး စီမံကိန်းကို အထောက်အကူဖြစ်စေရေး တို့သည် ပြည်သူ့အတွက် ချမှတ်ထားသည့် ရည်မှန်းချက်များဖြစ်သည်။

### ၂၀၃၀ ပြည့်နှစ် ရည်မှန်းချက်

ထို့အတူ လာမည့် ၂၀၃၀ ပြည့်နှစ်တွင် ကျေးရွာများအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် ကျေးလက်နေ လူဦးရေ၏ ၉၀ ရာခိုင်နှုန်း ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းများအဖြစ် နှစ်စဉ် အဆင့်မြှင့်တင်ဆောင်ရွက်ရေးသည်လည်း ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနအနေဖြင့် ပြည်သူ့အတွက် ဆောင်ရွက်ပေးရမည့် ရည်မှန်းချက်တစ်ခုအဖြစ် ပါဝင်လျက်ရှိသည်။

ထိုရည်မှန်းချက်များကို ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်ပေးမည့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကို ဆောက်လုပ်ရေးဝန်ကြီးဌာန လက်အောက်တွင် ၂၀၁၇ ခုနှစ် ဇူလိုင် ၂၁ ရက်က စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

### ဌာန၏ ဆောင်ရွက်ချက်များ

ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနကို စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ မြန်မာတစ်နိုင်ငံလုံးတွင် ကွန်ကရစ်လမ်း (၁၂၃၇/၄ ဒသမ ၆)မိုင်၊ ကတ္တရာလမ်း (၉၉၅/၅ ဒသမ ၀) မိုင်၊ ကျောက်ချောလမ်း(၁၆၁၉/၁ ဒသမ ၁) မိုင်၊ ဂဝံ/ဂျင်းလမ်း (၃၆၇၄/၅ ဒသမ ၇) မိုင်၊ မြေသားလမ်း (၃၉၅၇/၁ ဒသမ ၆) မိုင်၊ စုစုပေါင်း လမ်းမိုင် (၁၁၄၈၄/၂) မိုင်ကို အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ခဲ့သည်။

ထို့အတူ ကျေးလက်တံတားများ အနေဖြင့်လည်း ကွန်ကရစ်တံတား ၁၈၇၃ စင်း၊ သစ်သားတံတား အစင်း ၈၀၊ ကြိုးတံတား/ဘေလီတံတား ၁၈၅ စင်း၊ ရေကျော် ၃၇၉ စင်း၊ Box Culvert ၅၀၄၈ စင်း၊ စုစုပေါင်း ၇၅၆၅ စင်းကို အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ခဲ့သည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ မဟာဗျူဟာ ရည်မှန်းချက်မှာ ၂၀၃၀ ပြည့်နှစ်တွင် မြန်မာတစ်နိုင်ငံလုံးရှိ ကျေးရွာများ၏ ၈၀ ရာခိုင်နှုန်းနှင့် ကျေးလက်လူဦးရေ ၉၀ ရာခိုင်နှုန်း ကျေးလက်လမ်းများကို အသုံးပြုနိုင်ရန်ဖြစ်သည့်အတွက် လက်ရှိ စာရင်း ကောက်ယူထားသော ကျေးရွာများ၌ လူဦးရေ ၁၀၀၀ နှင့်အထက်ရှိ ကျေးရွာအားလုံးကို ၂၀၂၀ ပြည့်နှစ်တွင်လည်းကောင်း၊ လူဦးရေ ၅၀၀ နှင့်အထက်ရှိ ကျေးရွာအားလုံး၏ ၉၅ ရာခိုင်နှုန်းကို ၂၀၂၅ ခုနှစ်တွင်လည်းကောင်း၊ လူဦးရေ ၂၅၀ အထက်ရှိ ကျေးရွာအားလုံး၏ ၇၅ ရာခိုင်နှုန်းနှင့် လူဦးရေ ၂၅၀ အောက်ရှိ ကျေးရွာအားလုံး၏ ၅၀ ရာခိုင်နှုန်းတို့ကို ၂၀၃၀ ပြည့်နှစ်တွင်လည်းကောင်း ရာသီမရွေး သွားလာနိုင်သော လမ်းများအဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။



ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သည့် ရွှေနတ်တောင်-ညောင်စာရေး ကျေးလက်ကတ္တရာလမ်း။

### ဆက်လက် အဆင့်မြှင့်တင်မည်

ထို့အတူ ပဲခူးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများကိုလည်း ရာသီမရွေး သွားလာနိုင်သော လမ်းများအဖြစ် ဆက်လက်၍ အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ လုပ်ငန်းများ ပိုမိုတိုးတက် အောင်မြင်အောင် ဆောင်ရွက်လာနိုင်သည်နှင့်အမျှ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဘဝများသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲကေန်ပင်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနယ်မြေတွင် ဖောက်ခွဲရေးသင်တန်းတက်ရောက်ခဲ့သူများနှင့် ဆက်စပ်သတင်းဖော်ထုတ်ချက်များအရ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် ကြိုးပမ်းနေသူများအား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၈**

ဆူပူအကြမ်းဖက် လုပ်ဆောင်နေသူများနှင့် NLD ပါတီဝင်/ထောက်ခံအားပေးသူများ အနေဖြင့် အချို့မြို့ကြီးများ၌ အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန် ရည်ရွယ်၍ ဖောက်ခွဲရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်လုပ်ဆောင်လာသည်ကို တွေ့ရှိရသောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းလက်ဦးမှုရယူ၍ ဖော်ထုတ်ဖမ်းဆီးနိုင်ရေး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို အထူးကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၂ ခုနှစ် မေလ ၁၃ ရက်တွင် ဖမ်းဆီးရမိသော အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် ပြီမ်းချမ်း အပါအဝင် ၂၀ ဦး၏ Diagram



### ဖမ်းဆီးရမိ

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့အတွင်း ဖောက်ခွဲရေးသင်တန်းပေးရန်၊ လက်နက်၊ ခဲယမ်းများ သယ်ဆောင်ရန်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနယ်မြေသို့ သင်တန်းသားများစေလွှတ်ရန် စီစဉ်ဆောင်ရွက်နေကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက မေ ၁၃ ရက်တွင် မရမ်းကုန်းမြို့နယ် (၄)ရပ်ကွက် ပြည်လမ်း (၉)မိုင် သီရိကွန်ဒို အခန်းအမှတ် (B-508) အား ရှောင်တခင် ဝင်ရောက်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနယ်မြေတွင် ဖောက်ခွဲရေးသင်တန်း တက်ရောက်ထားသူ ငြိမ်းချမ်း(ခ)ခိုင်ကိုမွန် (၄၃ နှစ်) (ဘ) ဦးလှရွှေအား နိုင်ငံကူးလက်မှတ်စာအုပ်များ၊ ကွန်ပျူတာ၊ ဆက်စပ်ပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

### စစ်ဆေးမေးမြန်း

ဖမ်းဆီးရမိတရားခံ ငြိမ်းချမ်း(ခ)ခိုင်ကိုမွန်၏ ထွက်ဆိုချက်အရ ရွှန်းစိမ့်စိမ့်၊ (၃၀ နှစ်) (ဘ) ဦးစောဝင်းအား လှိုင်မြို့နယ် ဓမ္မသုခကျောင်းလမ်း Royal Thukha ကွန်ဒို အခန်းအမှတ် (၉၁၁) ၌ မေ ၁၃ ရက် ညပိုင်းတွင် ဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့နှစ်ဦးလုံးသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနယ်မြေတွင် ဖောက်ခွဲရေးသင်တန်းကို ကိုယ်တိုင်တက်ရောက်ခဲ့သူများ ဖြစ်သကဲ့သို့ အခြားသူများကိုလည်း သင်တန်းတက်ရောက်ရန် စေလွှတ်ခြင်းနှင့် တောင်ဒဂုံမြို့နယ် NLD ပါတီလွှတ်တော်ကိုယ်စားလှယ်ဟောင်း ဦးသိန်းနိုင်၏ စေခိုင်းချက်အရ လက်နက်/ခဲယမ်း ဝယ်ယူလိုသည့် ဦးသိန်းနိုင်၏ လူယုံဖြစ်သူ နေမျိုး(ခ) ချာလီအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနယ်မြေမှ လက်နက်၊ ခဲယမ်းများသယ်ယူနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြောင်း စစ်ဆေးမေးမြန်းချက်များအရ သိရှိရသည်။

### အကြမ်းဖက်ပစ္စည်းများ ဖမ်းဆီးရမိ

ငြိမ်းချမ်း (ခ) ခိုင်ကိုမွန် ထွက်ဆိုချက်အရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနယ်မြေတွင် သင်တန်းတက်ရောက်ခဲ့သူ အောင်သက်ပိုင် (၂၈ နှစ်) (ဘ) ဦးမြင့်စိုး၊ သက်ဦး (၃၇ နှစ်) (ဘ) ဦးကြည်ဌေးတို့နှစ်ဦးအား မေ ၁၄ ရက်တွင် ရွှေပြည်သာမြို့နယ်၌ လည်းကောင်း၊ ကျော်သူလေး (၃၆ နှစ်) (ဘ) ဦးကံကောင်းအား မေ ၁၅ ရက်တွင် ရွှေပြည်သာမြို့နယ်၌ လည်းကောင်း၊ ရဲထက်ထွန်း (၃၀နှစ်) (ဘ) ဦးတင်ကြိုင်အား မေ ၁၆ ရက်တွင် ရွှေပြည်သာမြို့နယ်၌ လည်းကောင်း၊ ရန်ကုန်မြို့အတွင်း လက်နက်/ခဲယမ်းများသယ်ဆောင်ရန် စီစဉ်ခဲ့သူ နေမျိုး(ခ)ချာလီ (၅၅ နှစ်) (ဘ) ဦးကြည်အား မေ ၁၇ ရက်နေ့တွင် မြောက်ဒဂုံမြို့နယ်၌ လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်များအရ မေ ၁၅ ရက် ညပိုင်းတွင် တာမွေမြို့နယ် (က+ဂ)ရပ်ကွက် အမှတ် ၁၆၃ လမ်း တိုက်(၁၈) အပေါ်ဆုံးလွှာရှိ ပပ၏နေအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့ရာ ပပအား ဖမ်းဆီးရမိခြင်းမရှိဘဲ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းနယ်မြေတွင် ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့သူများဖြစ်သည့် သိန်းစင် (၂၁နှစ်) (ဘ) ဦးအောင်ကျော်ဦး၊ စုမြတ်နိုး (၂၄နှစ်) (ဘ) ဦးဝင်းမြင့်၊ ခင်ပြုံးကျော်(၂၃ နှစ်)(ဘ) ဦးမြင့်ကျော်နှင့် ခိုင်ခင်မိုး (၂၆နှစ်) (ဘ) ဦးဘိုမောင်တို့လေးဦးအား အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

### ထပ်မံဖမ်းဆီးရမိ

ဖမ်းဆီးရမိတရားခံ သိန်းစင်၏ ထွက်ဆိုချက်အရ ၎င်းသည် မေ ၁၆ ရက်တွင် ဖြစ်ပွားခဲ့သည့် ပဲခူးမြို့ ဆူပူအကြမ်းဖက်ဆန္ဒပြမှုများတွင် ပါဝင်ခဲ့ကြောင်း သိရှိရပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းထံတွင် သင်တန်းတက်ရောက်ခဲ့သူများ ဖြစ်ကြသည့် ပြည့်ဖြိုးနိုင်(ခ)မာဖီးယား၊ (၂၉ နှစ်) (ဘ)ဦးကြည်ဝင်း၊ ပြည့်စုံအောင် (ခ)ကပ်စပါ (၂၀ နှစ်) (ဘ) ဦးကျော်ထူး၊ သက်ဖြိုးနောင် (၂၆ နှစ်) (ဘ)ဦးသက်နိုင်၊ လူမင်း (၁၇နှစ်) (ဘ) မျိုးဇော်ဟိန်း၊ အိမြတ်သွယ် (၂၃နှစ်) (ဘ)ဦးသန်းလှိုင်ဦးတို့ငါးဦးအား ပဲခူးမြို့ ဥသာမြို့သစ် ရပ်ကွက်ကြီး(၂) မြသန္တာလမ်းရှိ ဧရာတ်တည်းခိုခန်း၌လည်းကောင်း၊ သူရကျော်စွာ (ခ)ညီညီဇော် (၄၂နှစ်) (ဘ) ဦးသိန်းအောင်အား ပဲခူးမြို့ ဥသာမြို့သစ် ရပ်ကွက်ကြီး (၂)ရှိ သန်းကြွယ် လက်ဖက်ရည်ဆိုင်တွင်လည်းကောင်း ထပ်မံ ဖမ်းဆီးရမိခဲ့သည်။

ပြည့်ဖြိုးနိုင်(ခ)မာဖီးယား၏ ထွက်ဆိုချက်အရ ပြည့်စုံဖြိုး (၁၉ နှစ်) (ဘ) ဦးရဲလင်းကျော်အား မေ ၁၇ ရက်တွင် ပဲခူးမြို့ ရပ်ကွက် (၂) အေသင်စားသောက်ဆိုင်၌ လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းထံတွင် သင်တန်းတက်ရောက်ခဲ့သူများဖြစ်ကြသည့် သူရိန်ကိုကို (၂၃ နှစ်)(ဘ)ဦးအောင်ကျော်စိုးနှင့် မြင့်ကိုဦး (၂၃နှစ်) (ဘ)ဦးမောင်အေးအား ပဲခူးမြို့ ကျွန်းသာ ရပ်ကွက် အောင်ရတနာဘုန်းကြီးကျောင်း၌လည်းကောင်း ထပ်မံ ဖမ်းဆီးရမိခဲ့သည်။

### အရေးယူနိုင်ရေး ဆောင်ရွက်

အထက်ပါဖမ်းဆီးရမိသူများဖြစ်သည့် ငြိမ်းချမ်းအပါအဝင် ၂၀ သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေရန် ရည်ရွယ်၍ အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ၎င်းတို့အား တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

# ကျိုက်ထိုမြို့နယ် မရမ်းချောင်စစ်ဆေးရေးဂိတ်၌ လက်နက်၊ ခဲယမ်းများဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၈**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မရမ်းချောင်စစ်ဆေးရေးဂိတ်၌ လုံခြုံရေးဆောင်ရွက်နေသည့် ပူးပေါင်းတပ်ဖွဲ့ဝင်များသည် မော်တော်ယာဉ်ဖြတ်သန်းသွားလာမှုများအား စစ်ဆေးဆောင်ရွက်စဉ် မေ ၂၇ ရက် မွန်းလွဲပိုင်းက ဘီးလင်းမြို့နယ်ဘက်မှ သိမ်ဇရပ်မြို့ဘက်သို့ အောင်ဖြိုးမင်း(ခ)ညီညီ မောင်းနှင်ပြီး ချမ်းမြေ့ဝင်းနှင့် သန့်ဇင်အောင်တို့ စီးနင်းလိုက်ပါလာသည့် ကျောက်သယ်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ၎င်းယာဉ်ပေါ်မှ M-16 မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ပွိုင့်-၃၀ ကာဘိုင်တစ်လက်၊ RPG တစ်လက်၊ Glock အမျိုးအစား ပစ္စတိုတစ်လက်၊ M-16 ကျည်အိမ်နှစ်ခု၊ ကာဘိုင်ကျည်အိမ်တစ်ခု၊ ပစ္စတိုကျည်အိမ်တစ်ခု၊ RPG ဒုံးသီး ၁၄ လုံး၊ ပွိုင့်ကျည် ၁၄ တောင့်၊ လက်နက်ငယ်ကျည် ၃၅ တောင့်တို့နှင့်အတူ တွေ့ရှိဖမ်းဆီး ရမိခဲ့သည်။

အဆိုပါ လက်နက်၊ ခဲယမ်းများ၊ မော်တော်ယာဉ်နှင့် ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံပိုင်ရုပ်ရှင်ရုံထားဝယ်မြို့ရှိ (ရွှေဝယ်သီရိ) ရုပ်ရှင်ရုံ၏တာဝန်နှင့် ဝတ္တရားလွှဲပြောင်းခြင်းစာချုပ် ချုပ်ဆိုခြင်းအခမ်းအနားကျင်းပ

**ထားဝယ် မေ ၂၈**

နိုင်ငံပိုင်ရုပ်ရှင်ရုံ ထားဝယ်မြို့ရှိ (ရွှေဝယ်သီရိ)ရုပ်ရှင်ရုံ၏ တာဝန်နှင့် ဝတ္တရားလွှဲပြောင်းခြင်းစာချုပ် ချုပ်ဆိုခြင်း အခမ်းအနားကို မေ ၂၇ ရက်က ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဦးတင်အောင်က တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံပိုင်ရုပ်ရှင်ရုံ တစ်ရုံ၊ ပုဂ္ဂလိကသို့ အပြီးရောင်းချသည့် ရုပ်ရှင်ရုံ သုံးရုံတို့၏ ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရုပ်ရှင်ရုံများ စနစ်တကျလွှဲပြောင်းလက်ခံပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ရုပ်ရှင်ရုံများ အဆင့်မြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် အဆင့်မြှင့်ရန်ကျန်ရှိသည့် ထားဝယ်မြို့ရွှေဝယ်သီရိရုပ်ရှင်ရုံနှင့် မြိတ်မြို့ ဂုဏ် ရုပ်ရှင်ရုံများနှင့်ပတ်သက်၍ ရောင်းချစဉ်က စာချုပ်ပါအတိုင်း ရုပ်ရှင်ရုံပြသခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်ရန် စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာရန် လုပ်ငန်းရှင်များနှင့် ၂၀၂၁ ခုနှစ် မတ် ၆ ရက်က တွေ့ဆုံညှိနှိုင်းပြီးဖြစ်၍ တနင်္သာရီတိုင်းအတွင်း အဆင့်မြှင့်ရုပ်ရှင်ရုံများ ပေါ်ပေါက်လာရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် ချိတ်ဆက်၍ ဆက်လက်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီသို့ တာဝန်နှင့် ဝတ္တရားများ လွှဲပြောင်းခြင်း စာချုပ်ချုပ်ဆိုခြင်း ဆောင်ရွက်ပြီးပါက ရုပ်ရှင်ရုံပြသခြင်း လုပ်ငန်းများ ပိုမိုတိုးတက်ရေး စနစ်တကျ ကြီးကြပ်ဆောင်ရွက်မည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က နိုင်ငံပိုင်ရုပ်ရှင်ရုံများ တာဝန်နှင့် ဝတ္တရားလွှဲပြောင်းခြင်းစာချုပ် ချုပ်ဆိုခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံပိုင်ရုပ်ရှင်ရုံ ထားဝယ်မြို့ရှိ (ရွှေဝယ်သီရိ) ရုပ်ရှင်ရုံ၏ တာဝန်နှင့် ဝတ္တရားလွှဲပြောင်းခြင်း စာချုပ်တွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးကျော်ဇေယျ၊ အဖွဲ့ဝင်(၂) ဦးမောင်ကြီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကျွမ်းကျင်ပညာရှင် ဦးသိန်းနိုင်၊ (ရွှေဝယ်သီရိ) ရုပ်ရှင်ရုံနှစ်ရှည် ငှားရမ်းသူ ဒေါက်တာယုဝါနှင့် ဦးဟုတ်စိန်တို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်များ လဲလှယ်ကြသည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**

## မြစ်ကြီးနားမြို့၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ကချင်ပြည်နယ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**မြစ်ကြီးနား မေ ၂၈**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် မေ ၂၄ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် သတ်မှတ်၍ ကချင်ပြည်နယ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက်က မြစ်ကြီးနားမြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း မဏ္ဍပ်သဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က ကျောင်းအပ်နှံခြင်းသည် ကလေးများ၏ ပညာသင်ယူခွင့် အခွင့်အလမ်းအပြည့်အဝရရှိအောင် ဆောင်ရွက်ပေးခြင်းဖြစ်သည့်အတွက် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံနိုင်ရေးသည် အရေးကြီးဆုံး လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ပညာရေးဌာနအနေဖြင့်လည်း ပြည်သူနှင့်အတူ ပူးပေါင်းပြီး ကျောင်းဖွင့်ချိန်တွင်လည်း ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးဆိုင်ရာ စံလုပ်ငန်းလမ်းညွှန်များနှင့် လုံခြုံမှုရှိစေရန်အချက်များကို အလေးထားလိုက်နာကြရန် လိုအပ်ကြောင်း၊ ထို့အပြင် ပြည်နယ်အတွင်းရှိ အရွယ်ရောက် သူတိုင်း ကျောင်းနေနိုင်အောင်၊ ကျောင်းနေမြဲအောင်၊ မူလတန်းမှ အထက်တန်းအထိ ကိုဗစ်-၁၉ ရောဂါကင်းရှင်းစွာနှင့် လုံခြုံအေးချမ်းစွာ အဆင့်ဆင့် ပညာသင်ယူနိုင်ရေးအတွက် အားလုံးဝိုင်းဝန်း ဆောင်ရွက်ကြရန်လိုကြောင်း ပြောသည်။

ယင်းနောက် ပြည်နယ် ပညာရေးမှူး ဦးကျော်မိုးထွန်းက ကချင်ပြည်နယ်အတွင်း ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ်ဆောင်ရွက်နေမှု အခြေအနေများနှင့် ယခုပညာသင်နှစ်အတွက် နိုင်ငံတော်က ပညာရေးအထောက်အကူပြုပစ္စည်းများ၊ ပညာသင်ထောက်ပံ့ကြေးများ ထောက်ပံ့ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် ပြည်နယ်ကောင်စီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက အခြေခံပညာကျောင်းများတွင် ကိုဗစ်-၁၉ကာကွယ်တားဆီးရေးအတွက် အသုံးပြုရန် နှာခေါင်းစည်း ၂၈ ဖာ၊ ဆားမုန့်အထုပ် ၁၂၀ နှင့် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံး ပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်၊ ခဲတံများကို ထောက်ပံ့ပေးအပ်ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

## အင်းတော်မြို့တွင် ဂေါက်ကွင်းဖွင့်ပွဲ ကျင်းပ

**အင်းတော် မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့တွင် ဂေါက်ကွင်းဖွင့်ပွဲကို မေ ၂၂ ရက်က အင်းတော်မြို့ စင့်ဟောက်ကျေးရွာအနီး နန့်ခင့်ချောင်းဘေးရှိ ဂေါက်ကွင်းနေရာ၌ ကျင်းပသည်။

အဆိုပါဖွင့်ပွဲအတွက် အမှတ်တရအဖြစ် အကြီးတန်း၊ အငယ်တန်း၊ လူသစ်တန်း ပြိုင်ပွဲများကိုလည်း ပြုလုပ်ပေးကြောင်း သိရသည်။

ဂေါက်ကွင်းဖွင့်လှစ်ရခြင်းမှာ လူငယ်လူရွယ်များ လမ်းမှားမရောက်စေရန်နှင့် အားကစားစိတ်ဓာတ်မြင့်မားလာစေရန်ရည်ရွယ်၍ ဂေါက်ကွင်းတစ်ခု ဖြစ်မြောက်ရေးအတွက် စေတနာရှင်များ၊ မြို့ခံအားကစားသမားနှင့်ပူးပေါင်း၍ ယခုလိုဆောင်ရွက်ရကြောင်း ဂေါက်ကွင်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ အင်းတော်မြို့နယ်စီမံခန့်ခွဲမှု ဥက္ကဋ္ဌ ဦးသိန်းတန်က ပြောသည်။

ဖွင့်ပွဲသို့ အင်းတော်မြို့နယ်စီမံခန့်ခွဲမှုဥက္ကဋ္ဌနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အင်းတော်နှင့် ကသာမြို့နယ်များမှ ဂေါက်သီးအားကစားသမားများနှင့် လာရောက်အားပေးကြသည့် ပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**လှအောင်(ကသာ)**

## မာန်အောင်၌ မြစိမ်းရောင်စီမံကိန်းကျေးရွာကော်မတီသစ် ပြန်လည်ရွေးချယ်ခြင်းနှင့် သုံးသပ်ပွဲပြုလုပ်

**မာန်အောင် မေ ၂၈**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်တွင် လာမည့်စီမံကိန်း သုံးနှစ် သက်တမ်းအတွက် မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီရွေးချယ်ပွဲနှင့် သုံးသပ်ဆွေးနွေးပွဲကို မေလစတုတ္ထပတ်က ကျေးရွာ အလကခွဲကျောင်း၌ ပြုလုပ်သည်။

ငပုန်ကုန်းကျေးရွာ မြစိမ်းရောင်စီမံကိန်းသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ စီမံကိန်းသက်တမ်း ခြောက်နှစ်ပြည့်ပြီး အရင်းအတိုး ရန်ပုံငွေ ကျပ်သိန်း ၅၁ ဒသမ ၂၀ ရရှိထားပြီးဖြစ်ကြောင်း မာန်အောင်မြို့နယ်ကျေးလက်ဦးစီးဌာနမှ သိရသည်။ **အောင်လှဖြူ(ရမ်းဗြဲ)**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# ရွှေပြည်သာမြို့နယ်၌ လူသတ်မှုကျူးလွန်ခဲ့သူများနှင့် လှိုင်သာယာမြို့နယ်၌ မုဒိမ်းမှု ကျူးလွန်ခဲ့သူတို့ကို ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် မေ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၂)ရပ်ကွက်နေ ကျော်ဌေးအား မတ် ၁၄ ရက်တွင် ထွန်းကိုကို(ခ)ကိုကို(ဘ)ဦးလှနိုင်၊ သီဟကျော်တင့် (ဘ) ဦးကျော်တင့်၊ ကျော်ပု(ခ)အောင်ကျော်စိုး(ဘ) ဦးစော၊ ဇာနည်(ခ)ဇာနည်ဌေးနှင့် အောင်ကျော်မြင့်(ဘ)ဦးစိန်မြတို့က အမှတ်(၂၉) အခြေခံပညာမူလတန်းကျောင်း ကျူးကျော်နေအိမ်များ ရှိသည့် ကျောင်းနောက်စိုက်ခင်းများအနီးတွင် ရိုက်နှက်စစ်ဆေးမေးမြန်းခြင်းနှင့် ကျော်ဌေးကို အမှတ်(၁၂)ရပ်ကွက်အပိုင် ရထားလမ်းဘေးရှိ စည်ပင်စိုက်ခင်းဝင်း အနောက်ဘက်ရထားသံလမ်းပေါ်သို့ ခေါ်ဆောင်ကာ သီဟကျော်တင့်၊ ကျော်ပု(ခ)အောင်ကျော်စိုး၊ အောင်ကျော်မြင့်နှင့် ဇာနည်(ခ) ဇာနည်ဌေးတို့က ဓားဖြင့်ခုတ်သဖြင့် သေဆုံးခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး(Martial Law)စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီးပုဒ်မ – ၃၀၂(၁)(ခ)/၃၄ အရ ၎င်းတို့အား မေ ၂၇ ရက်တွင် “ သေဒဏ်” အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

**အမိန့်ချမှတ်**

အဆိုပါပြစ်ဒဏ်ချမှတ်ခံရသူများအနက် သီဟကျော်တင့်၊ ကျော်ပု (ခ) အောင်ကျော်စိုး၊ ဇာနည်(ခ)ဇာနည်ဌေးနှင့် အောင်ကျော်မြင့်တို့သည် ထွက်ပြေးလွတ်မြောက်နေသဖြင့် ၎င်းတို့နှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ–၈၇/ ၈၈ အရ ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရုံးရှေ့ ကားမှတ်တိုင်အနီးရှိ “မြင့်မိုရ်”တည်းခိုခန်း၌ ဧပြီ ၂၂ ရက် နံနက် ၁၁ နာရီ ၅၅ မိနစ်ခန့်တွင် အမျိုးသမီးငယ်တစ်ဦးကို ဝေမိုးအောင်(ခ) အကြီးကောင်(ဘ)ဦးမျိုးမြင့်ဦးက အလိုမတူဘဲ သားမယားအဖြစ် ပြုကျင့်ပြီး မုဒိမ်းမှုကို ကျူးလွန်ခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law)စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီးပုဒ်မ – ၃၇၆(၁) အရ ၎င်းအား မေ ၂၇ ရက်တွင် “အလုပ်နှင့်ထောင်ဒဏ် (၂၀)နှစ် ” အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်ရာတွင်အသုံးပြုသည့် ပစ္စည်းများနှင့် အဖျက်အမှောင့်လုပ်ရပ်များဆောင်ရွက်ရန် ပြုလုပ်ထားရှိသည့် ဖောက်ခွဲရေးပစ္စည်းများအား လက်ဝယ်ထားရှိသူများနှင့်အတူ ဖော်ထုတ်ဖမ်းဆီး

နေပြည်တော် မေ ၂၈

**အကြမ်းဖက်သူများ အဖျက်အမှောင့်လုပ်ရပ်များတွင် အသုံးပြုလျက်ရှိသည့် လက်နက်များ၊ ဖောက်ခွဲရေးပစ္စည်းများသိုဝှက်ထားမှုနှင့် ကိုင်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ဆေးရှာဖွေ သတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ဆောင်ရွက်လျက်ရှိရာ မေ ၂၇ ရက် မွန်းလွဲပိုင်းတွင် လုံခြုံရေး တပ်ဖွဲ့ဝင်များသည် မြစ်သားမြို့အဝင် စမာမောင်းတံအနီး၌ လုံခြုံရေးအတွက် စစ်ဆေးမှုများ ဆောင်ရွက်စဉ် မွန်းလွဲ ၂ နာရီခန့်တွင် မြစ်သား–မြင်းခြံကားလမ်းအတိုင်း မော်တော်ဆိုင်ကယ်မောင်းနှင်လာသူ မကျီးကန်ကျေးရွာနေ ကိုကိုဇော်(၂၇နှစ်) (ဘ)ဦးမောင်မောင်အား ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ ထွက်ဆိုချက်အရ ကိုဖိုးနီ၏ ထန်းတောကို သွားရောက်ရှာဖွေရာ အဆိုပါ ထန်းတောတဲအတွင်းမှ လက်လုပ်လေသေနတ်နှစ်လက်၊ လေသေနတ်ဒင်တစ်ခု၊ လေအိုးတစ်ခု တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



မြစ်သားမြို့နယ်၌ အမျိုးသားတစ်ဦးအား လက်လုပ်သေနတ်နှစ်လက်နှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

အလားတူ ည ၇ နာရီခွဲတွင် မွန်ပြည်နယ် မုဒုံမြို့ မြို့မ(၁) ရပ်ကွက် ဥယျာဉ်လမ်းသွယ် ၁ လမ်းနေ ဟန်ဝင်းထွန်း (၃၉နှစ်) (ဘ)ဦးမောင်လုံး၏ နေအိမ်ကို သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းအားနေအိမ်အတွင်း အသင့်တွေ့ရှိရပြီး ဆက်လက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ ခြောက်လုံးပြူး သေနတ်တစ်လက်၊ ၎င်းကျည်ခြောက်တောင့်၊ လက်လုပ်မိုင်း ၁၁ လုံးနှင့် အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို တွေ့ရှိသိမ်းဆည်း ရမိခဲ့ကြောင်း သိရသည်။

အလားတူ ည ၁၁ နာရီ မိနစ် ၅၀ တွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ပုလုံတုံတုံးကျေးရွာနေ ဝင်းဇော် (ခ) လာဇီ(၄၅နှစ်) (ဘ)ဦးကျော်အေး၏ နေအိမ်ကို သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းအား နေအိမ်အတွင်းမှ USA ထုတ် 208K712 စာတန်းပါ SMITH & WESSON ခြောက်လုံးပြူး တစ်လက်၊ ပွိုင့် ၃၈ ဗို့ကျည်လေးတောင့်၊ ခြောက်လုံးပြူး သေနတ်အိတ်တစ်လုံးနှင့် အရိုးအသွား သုံးပေခုနစ်လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းတို့နှင့် အတူ ဖမ်းဆီးရမိခဲ့ ကြောင်း သိရသည်။



ကော့သောင်းမြို့နယ်၌ အမျိုးသားတစ်ဦးအား ခြောက်လုံးပြူးသေနတ်တစ်လက်၊ ပွိုင့် ၃၈ ကျည်လေးတောင့်၊ ဓားဦးချွန်တစ်လက်တို့နှင့်အတူ ဖမ်းဆီးရမိစဉ်။

အဆိုပါဖြစ်စဉ်များမှ ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ကချင်ပြည်နယ် ရွှေကူမြို့နယ်၌ ဆီဘောက်ဆာယာဉ်နှစ်စီးကို KIA အဖွဲ့က မိုင်းထောင်ဖောက်ခွဲ၍ မီးရှို့ဖျက်ဆီး

**နေပြည်တော် မေ ၂၈**

ကချင်ပြည်နယ် ရွှေကူမြို့နယ်၌ ဆီဘောက်ဆာယာဉ် နှစ်စီးကို KIA အဖွဲ့က မိုင်းထောင်ဖောက်ခွဲ၍ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၇ ရက် နံနက် ၈ နာရီ မိနစ် ၄၀ ခန့်တွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်နေ ယာဉ်မောင်းဖြိုးအောင်သူ(၃၉နှစ်) (ဘ)ဦးဝင်းမောင်သည် ဒီဇယ်ဂါလန် ၈၀၀၀ ခန့်ပါ ၂၂ ဘီးယာဉ်အား ဗန်းမော်–မန္တလေးကားလမ်းအတိုင်း မန္တလေးမြို့ဘက်မှ ဗန်းမော်မြို့ဘက်သို့ မောင်းနှင်လာစဉ် ရွှေကူမြို့နယ်ရှိ နယ်မြေရဲစခန်း၏ အရှေ့တောင်ဘက် ၆ မိုင်ခန့်အကွာဒေသအခေါ် ကချင်သေလမ်းခွဲအရောက်၌ ကားလမ်းမ၏ဝဲဘက်ခြမ်းမှ KIA အဖွဲ့ ထောင်ထားသည့် မိုင်းသုံးလုံး တစ်ပြိုင်တည်း ပေါက်ကွဲခဲ့ရာ ယာဉ်၏နောက်ဘီးခြောက်ဘီးပေါက်၊ ယာဘက်အိပ်ခန်း မှန်ကွဲ၊ ယာဘက်နောက်ကြည့်မှန်ကွဲကာ ယာဘက်ခြမ်းယာဉ်ဘော်ဒီပိုင်း ပေါက်ထွက်ပျက်စီးခဲ့သဖြင့် ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာ၌ ရပ်တန့်ထားရှိခဲ့သည်။

ညနေ ၃ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အုန်းချောရွာနေ ထွန်းသိန်းဝင်း (၃၅နှစ်)(ဘ)ဦးလေးရှင် မောင်းနှင်ပြီး ယာဉ်နောက်လိုက် မင်းမင်းတိုး (ဘ)ဦးသန်းဌေး လိုက်ပါလာသည့် ဆီဂါလန် ၈၀၀၀ ဆံ့ ၂၂ ဘီးယာဉ်သည် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် ကချင်သေလမ်းခွဲသို့ ရောက်ရှိပြီး ထိခိုက်ပျက်စီးခဲ့သည့် ယာဉ်၏ ကားဘီးများကို လဲလှယ်တပ်ဆင်ပေးနေစဉ် KIA အဖွဲ့မှ အင်အား ၁၂ ဦးခန့်သည် ဆိုင်ကယ်ငါးစီးဖြင့်ရောက်ရှိလာပြီး ယာဉ်နှစ်စီးမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား မောင်းထုတ်၍ အဆိုပါ ဆီဘောက်ဆာယာဉ်နှစ်စီးကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အထက်ပါ ဆီဘောက်ဆာယာဉ်နှစ်စီးကို မိုင်းထောင်ဖောက်ခွဲကာ မီးရှို့ဖျက်ဆီးခဲ့သည့် နေရာသို့ တပ်မတော်စစ်ကြောင်းများက လိုက်လံ၍ နယ်မြေအတွင်း ပိတ်ဆို့စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## နေ့အပူချိန်များ

**နေပြည်တော် မေ ၂၈**

နေ့အပူချိန်များမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်း ဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် မေလ၏ ပျမ်းမျှအပူချိန် တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **မိုး/ဇလ**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်ရာတွင်အသုံးပြုသည့် ပစ္စည်းများနှင့် အဖျက်အမှောင့်လုပ်ငန်းများဆောင်ရွက်ရန် ပြုလုပ်ထားရှိသည့် ဖောက်ခွဲရေးပစ္စည်းများအား လက်ဝယ်ထားရှိသူများနှင့်အတူ ဖော်ထုတ်ဖမ်းဆီး

နေပြည်တော် မေ ၂၈

**မြန်မာနိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားမှုမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် စုံစမ်းဖော်ထုတ်မှုများ ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သမားများ၏ လက်နက်၊ ခဲယမ်းများ၊ ဖောက်ခွဲရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ဆက်လက်ဖော်ထုတ် သိမ်းဆည်းရမိလျက်ရှိသည်။**

ထိုသို့ဖော်ထုတ်ထိန်းသိမ်းမှုများ ဆောင်ရွက်လျက်ရှိရာ မေ ၂၁ ရက် ညနေပိုင်းတွင် သတင်းအရ ကျော်ဇေယျာသိန်း(၃၈နှစ်)အား ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် နာနတ်တောလမ်းရှိ Grand Hanthar ဆေးရုံ၌ ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ ထွန်းထွန်းလှိုင်(၄၄နှစ်)၊ ခိုင်လင်းသူ (ခ) ကိုခိုင် (၃၈နှစ်)၊ ဝေယံမောင်မောင် (၂၅နှစ်)နှင့် စည်သူထွန်း(၂၀နှစ်) တို့အား ထပ်မံဖမ်းဆီးရမိခဲ့သည်။

**ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများနှင့် လက်နက်/ခဲယမ်းများ သိမ်းဆည်းရမိမှု ဖြစ်စဉ်များမှ ဆက်စပ်တရားခံများအား ဖမ်းဆီးရမိမှု**




သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာမှ ဖမ်းဆီးရမိတရားခံများ

ဒဂုံ(မြောက်ပိုင်း)မြို့နယ်မှ ဖမ်းဆီးရမိတရားခံများ

**ဖမ်းဆီးထိန်းသိမ်း**

ဖမ်းဆီးရမိသည့် ဝေယံမောင်မောင်၏ ထွက်ဆိုချက်အရ မေ ၂၂ ရက် နံနက်ပိုင်းတွင် ကိုဖြိုး(ခ)ဝေဖြိုးမောင်(၂၉နှစ်)အား ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၃/မာန်ပြေရပ်ကွက်ရှိ ၎င်း၏ဆံသဆိုင်၌ Key Pad ဖုန်းနှင့်တွဲလျက် ပြုလုပ်ထားသော လက်လုပ်ဗုံးနှစ်လုံးနှင့်အတူ ဆက်လက်ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

**ယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ**

ဆက်လက်၍ သတင်းအရ မေ ၂၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုနန္ဒာ(၄)လမ်း အမှတ် ၆၅ နေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့ရာ အောင်နိုင်ထွန်း (၁၉နှစ်)၊ ကျော်နိုင် (၂၉နှစ်)၊ ဝိုင်းချစ် (၁၉နှစ်)၊ အောင်ပြည့်ဟိန်း (၂၁နှစ်)၊ တိုးတိုးနိုင်(၃၃နှစ်)နှင့် မြတ်လင်းအောင်(၃၉နှစ်)တို့အား ဖမ်းဆီးရမိခဲ့ပြီး နေအိမ်အတွင်းမှ ပွိုင့်-၃၈ သေနတ်တစ်လက်၊ ၎င်းကျည်ခြောက်တောင့်၊ လက်လုပ်လေသေနတ် ၂၃ လက်၊ လက်လုပ်ဗုံးနှစ်လုံး၊ လက်လုပ်မိုင်းခြောက်လုံး၊ သံပိုက်ဖြင့်ပြုလုပ်ထားသည့် လက်လုပ်ဗုံး ၆၂ လုံး၊ PVC ပလတ်စတစ်ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်ဗုံး ၃၇၄ လုံး၊ အသံဗုံး ၁၇ လုံး၊ Key Pad ဖုန်းဖြင့် တွဲလျက်ပြုလုပ်ထားသည့် လက်လုပ်မိုင်း ၁၃ လုံး၊ လက်ပစ်ဗုံးသုံးလုံး၊ မီးပုလင်း ၅၈ လုံးနှင့် ဖောက်ခွဲရေးပစ္စည်းများ ထုတ်လုပ်ရာတွင်အသုံးပြုသည့် ယမ်းနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

**သိမ်းဆည်းရမိ**

ဆက်လက်၍ သတင်းအရ မေ ၂၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဒဂုံမြို့နယ် ၁၆/A ရပ်ကွက် ကုန်းဘောင်အိမ်ရာ ကုန်းဘောင်လမ်းသွယ် (၁) အမှတ် ၁၄၀ ရှိ LONE WAY Co.Ltd ရုံးသို့ ဝင်ရောက်ရှာဖွေခဲ့ရာ မြတ်ဘိုဘိုဝင်း (၂၇နှစ်)၊ သန့်ဇင်ဦး (၃၀နှစ်)၊ စိုးသီဟ (၂၉နှစ်)၊ နေကော်ထူး (၃၀နှစ်)၊ ညီရဲနိုင် (၁၇နှစ်)၊ ဝသုန် (၂၇နှစ်)၊ ဝေယံထွန်း (၁၉နှစ်) နှင့် နော်ခူးဖောဝါး(၂၀နှစ်)တို့အား ဖမ်းဆီးရမိခဲ့ပြီး PVC ပလတ်စတစ်ပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်း ၄၆ လုံး၊ PVC ပလတ်စတစ်ပိုက်ဖြင့်ပြုလုပ်ထားသော လက်လုပ်ချိန်ကိုက်မိုင်း ၉၄၄ လုံး၊ Key Pad ဖုန်းဖြင့်တွဲလျက် ပြုလုပ်ထားသော လက်လုပ်မိုင်း ၃၁ လုံး၊ RGA တံဆိပ်ပါ လက်လုပ်မိုင်းငါးလုံး၊ လက်လုပ်သေနတ် အရှည်တစ်လက်၊ ဖောက်ခွဲရေးပစ္စည်းများ ပြုလုပ်ရာတွင် အသုံးပြုသည့် ယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

**လက်လုပ်သေနတ်ပြောင်းများ ဖမ်းမိ**

ကျော်ဇေယျာသိန်း၏ ထွက်ဆိုချက်အရ ဆက်စပ်တရားခံဖြစ်သော စိုးကေ (ခ)စုကေသွယ်မောင်အား မေ ၂၄ ရက် ညနေပိုင်းတွင် သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာအိမ်ရာရှိ Grill & Chill စားသောက်ဆိုင်၌ ပိုတက်စီယမ်နိုက်ထရိုက်တစ်အိတ်၊ ယမ်းမျိုးစုံတစ်အိတ်၊ မီးခိုးဗုံးသုံးလုံး၊ လက်လုပ်သေနတ်ပြောင်းခြောက်ခု၊ အပစ်လက်ကိုင်တစ်ခုနှင့် ဆက်စပ်ပစ္စည်းများအား ဖမ်းဆီးရမိခဲ့သည်။

တရားခံ စုကေသွယ်မောင် ၏ ထွက်ဆိုချက်အရ မေ ၂၆ ရက် နံနက်ပိုင်းတွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင် ရွှေနံ့သာရပ်ကွက် အာဇာနည်လမ်း အမှတ်(၆၀/က) နေအိမ်အား ဆက်လက်ရှာဖွေခဲ့ရာ ကွင်းဆက်တရားခံဖြစ်သော နေမင်းအောင် (ခ) မင်းသားကြီး (၅၀နှစ်) နှင့် ရဲထွန်း(၅၁နှစ်)တို့အား ပွိုင့်-၃၂ ပစ္စတိုနှစ်လက်၊ အသံတိတ်ပြောင်းတစ်ခု၊ ၎င်းကျည်၁၉တောင့်၊ ကျည်အိမ်သုံးခုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖြစ်စဉ်၌ တရားခံ ၂၃ ဦးအား ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့နှင့်အတူ ပစ္စတိုသေနတ်သုံးလက်၊ ၎င်းကျည်အိမ်သုံးခု၊ ၎င်းကျည် ၂၅ တောင့်၊ လက်လုပ်သေနတ်မျိုးစုံ ၂၄ လက်၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းမျိုးစုံအလုံး ၂၀၈၀၊ အသံဗုံးအလုံး ၂၀၊ ချိန်ကိုက်ဗုံး ၄၄ လုံး၊ လက်ပစ်ဗုံးသုံးလုံး၊ မီးပုလင်း ၅၈ လုံး အပါအဝင် ဖောက်ခွဲရေးပစ္စည်းပြုလုပ်ရာတွင် အသုံးပြုသည့် ယမ်းနှင့်ဆက်စပ်ပစ္စည်းမြောက်မြားစွာ သိမ်းဆည်းရမိခဲ့သည်။

အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် လူမှုဘဝလုံခြုံရေးကို ခြိမ်းခြောက် အန္တရာယ်ပြုသည့် အကြမ်းဖက် တရားခံများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် မေ ၂၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ဘောလခဲမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်နှင့် မုံရွာမြို့၊ မန္တလေးမြို့၊ မြင်းခြံမြို့၊ ညောင်ဦးမြို့၊ ရမည်းသင်းမြို့၊ တံတားဦး (လေကြောင်းမိုးလေဝသ)၊ ချောက်မြို့၊ တောင်တွင်းကြီးမြို့နှင့် ဂန့်ဂေါမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ရေပန်းအကြီး



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၀၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့်(၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည် ဖြစ်ပါသည်-

(၁) အင်ပုမ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အင်ပုမ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၀ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** **၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၀၆**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီ (၁/၂၀၂၁) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## ပြောင်းလဲလာသည့် စာရင်းကောက်ယူမှု နည်းပညာများကို မိမိတို့နိုင်ငံတွင် နားလည်တတ်ကျွမ်းသူများ မွေးထုတ်၍ ပြည်ပမှီခိုမှု အနည်းဆုံးဖြင့် ဆောင်ရွက်နိုင်ရေး စဉ်းစားဆောင်ရွက်ကြရန် အကြံပြု

နေပြည်တော် မေ ၂၈

စာရင်းအင်း အချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီ (၁/ ၂၀၂၁) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စာရင်းအင်း အချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁ ●



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီ (၁/၂၀၂၁) အစည်းအဝေး၌ အမှာစကားပြောကြားစဉ်။

# ကိုရီးယား-မြန်မာ ချစ်ကြည်ရေး (ဒလ)မြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည်



ကိုရီးယား-မြန်မာ ချစ်ကြည်ရေး (ဒလ)မြစ်ကူးတံတား ရန်ကုန်ဘက်ခြမ်း ရေလယ်တိုင်ပင်မတံတား ဘိုးပိုင်လုပ်ငန်းခွင်ကို တွေ့ရစဉ်။

ရန်ကုန် မေ ၂၈

စီးပွားရေးမြို့တော် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းမကြီးနှင့် ရန်ကုန်မြစ်တစ်ဖက်ကမ်းရှိ ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းမကြီးတို့ကိုဆက်သွယ်တည်ဆောက်လျက်ရှိသော ကိုရီးယား-မြန်မာ ချစ်ကြည်ရေး (ဒလ) မြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် စီစဉ်ကြိုးစားလျက်ရှိကြောင်း၊ မကြာမီကာလအတွင်း လုပ်ငန်းများ လည်ပတ် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ သိရသည်။

လက်ရှိအချိန်ထိ ရန်ကုန်-ဒလမြစ်ကူးတံတားတည်ဆောက်ပြီးစီးမှုအနေဖြင့် ရန်ကုန်မြစ်အတွင်း ပင်မတံတား ရေလယ်တိုင် ဘိုးပိုင်တူးဖော်ခြင်း လုပ်ငန်းများတွင် ဒလဘက်ခြမ်းရှိ PY1 အတွက် ဘိုးပိုင် ၂၃ လုံးအနက် ဘိုးပိုင် ၂၂ လုံး ပြီးစီးပြီဖြစ်ကာ

စာမျက်နှာ ၁၈ ကော်လံ ၁ ◆

# ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ ချယ်ဆီးကို အနိုင်ယူပြီး မန်စီးတီးအသင်း မှတ်တမ်းသစ်ရေးထိုးသွားနိုင်မလား

နေပြည်တော် မေ ၂၈

၂၀၂၀-၂၁ ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ဗိုလ်လုပွဲအဖြစ် မန်စီးတီးအသင်းနှင့် ချယ်ဆီးအသင်းတို့ပွဲစဉ်ကို မေ ၃၀ ရက် နံနက် ၁ နာရီခွဲတွင် အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြတော့မည်ဖြစ်သည်။ အဆိုပါဖလား၏ လက်ရှိချန်ပီယံမှာ ဂျာမန်ကလပ် ဘိုင်ယန်မြူးနစ်အသင်းဖြစ်ပြီး ဗိုလ်လုပွဲတွင် ပီအက်စ်ဂျီအသင်းကို အနိုင်ယူကာ ခြောက်ကြိမ်မြောက် ဆွတ်ခူးထားသည်။

မန်စီးတီးအသင်းသည် ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်တွင် ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းနှင့် တွေ့ဆုံခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်လာနိုင်ခဲ့သည်။ ချယ်ဆီးအသင်းက အဆိုပါ အဆင့်တွင်

စာမျက်နှာ ၁၈ ကော်လံ ၁ ✪

## မာတိကာ

ဆီးရီးယား သမ္မတအာဆတ် ပြန်လည်ရွေးကောက်ခံရ (စာ-၁၂)

မိန်းကလေးများအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ် (စာ-၁၈)

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနယ်မြေတွင် ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့သူများနှင့် ဆက်စပ် သတင်းဖော်ထုတ်ချက်များအရ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန် ကြိုးပမ်းနေသူများအား ဖမ်းဆီးရမိ (စာ-၂၂)